# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
# (၁၁) ရက်မြောက်နေ့မှတ်တမ်း
# ၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်
# (၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)
# (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၃၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၉.၁၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၄-၂-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၂ ဦးအနက် ၃၃၄ ဦးတက်ရောက်တဲ့အတွက် ခွင့်ပန်ကြားသူစုစုပေါင်း ၈၈ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများအနက် ၇၀ ဦးကတော့ ယမန်နေ့က ကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၁၈ ဦး ရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ရမ်းပြဲမဲဆန္ဒနယ်မှ ဦးဘထီး ခွင့် ၁ ရက်၊

(၂) ပေါက်တောမဲဆန္ဒနယ်မှ ဦးထွန်းအောင်ခိုင် ခွင့် ၁ ရက်၊

(၃) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း ခွင့် ၁ ရက်၊

(၄) ရေတာရှည်မဲဆန္ဒနယ်မှ ဦးမျိုးသန့် ခွင့် ၃ ရက်၊

(၅) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် ခွင့် ၁ ရက်၊

(၆) ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင် ခွင့် ၁ ရက်၊

(၇) ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင် ခွင့် ၃ ရက်၊

(၈) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၁ ရက်၊

(၉) လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၁၁ ရက်၊

(၁၀) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊

(၁၁) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၄ ရက်၊

(၁၂) ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ ခွင့် ၄ ရက်၊

(၁၃) သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် ခွင့် ၁ ရက်၊

(၁၄) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၁ ရက်၊

(၁၅) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊

(၁၆) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၁ ရက်၊

(၁၇) ညောင်လေးပင်မဲဆန္ဒနယ်မှ ဦးစိုးမြင့် ခွင့် ၁ ရက်၊

(၁၈) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၇၀ ဦး ယနေ့ ခွင့်ပြုထားသူ ၁၈ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၈၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို

လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင် ဆောင်ရွက်ပါမယ်။

**လူငယ်ပြုပြင်ရေးစခန်း ရွှေပြည်သာ၊ ဝက်ထီးကန်အား ပြန်လည်ပြုပြင်၍ လူကြီး၊ လူငယ်များအားစခန်း သွင်းလေ့ကျင့်ပေးရန်နှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း အလားတူစခန်းများတည် ဆောက်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

ဥက္ကဋ္ဌ။ ။ ဦးစွာ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမင်းဆွေ(ဒိုက်ဦးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့အစည်းမှပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနဲ့ ဧည့်သည် တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒိုက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြန်လည်ထူထောင်ရေး၊ လူငယ်ပြုပြင်ရေး၊ လူငယ်ပြုပြင်ပျိုးထောင်ရေး စခန်းများအား ၁၉၈၂ ခုနှစ်မှစ၍ အောက်ပါအတိုင်း တည်ဆောက်ဖွင့်လှစ်ခဲ့ကြောင်း သိရှိရပါတယ်။ ရွှေပြည်သာ(ဝက်ထီးကန်စခန်း) ဝက်ထီးကန်ကျေးရွာအုပ်စု ပြည်မြို့နယ်၊ ရွှေပြည်အေး(ဖယ်ခုံမြို့နယ်) ကယားပြည်နယ်၊ ရွှေပြည်သစ်(မူဆယ်ခရိုင်) တို့ဖြစ်ကြောင်း သိရပါတယ်။ ၎င်းစခန်းများသည် မူးယစ် ဆေးစွဲလူငယ်များသာမက လူကြီးများစိတ်ဓာတ်ပြုပြင်ရေး၊ လူငယ်များစိတ်ကျရောဂါဖြစ်၍ ပြဿနာ ရှာတတ်သူများကိုပါ စခန်းသွင်းကုသပေးကြောင်း သိရှိရပါတယ်။ နိုင်ငံတကာတွင် အနုပညာရှင်များ၊ ရုပ်ရှင်မင်းသား၊ မင်းသမီးများကို တရားရုံးမှ လူမှုရေးပြစ်ဒဏ်ချမှတ်လျှင် ၎င်းစခန်းများကဲ့သို့သော

မူကြမ်း

နေရာများအား ပို့ဆောင်ပြုပြင်ကြောင်းကြားသိရပါတယ်။ အထက်ပါစခန်းများတွင် ပြည်သူ့ရဲ့ အကျဉ်းဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ စိုက်ပျိုးရေးဌာန၊ မွေးမြူရေးဌာန၊ ကျန်းမာရေးဌာနတို့မှ ဝန်ထမ်းများဖြင့် စုပေါင်းဖွဲ့စည်းထားကြောင်း သိရပါတယ်။ အထက်ပါစခန်းသုံးခုအနက် ရွှေပြည်အေးနှင့် ရွှေပြည်သစ်စခန်းများမှာ ရန်ပုံငွေမရှိသဖြင့် ဝန်ထမ်းများ ဆက်လက်မထားနိုင်ခြင်း၊ အဆောက်အဦများပျက်စီးနေခြင်းတို့ကြောင့် ရပ်နားထားကြောင်း သိရှိရပါတယ်။ ရွှေပြည်သာစခန်းတစ်ခုတည်းသာ ငွေကြေးတတ်နိုင်သည့်မိဘများမှ ကုန်ကျစရိတ်၊ စားစရိတ်နှင့် အခြားစရိတ်များကျခံ၍ လာရောက်အပ်နှံသောလူငယ်များကိုသာ လက်ခံပြုစုပျိုးထောင်ပေးနေကြောင်း သိရှိရပါတယ်။

သို့ရာတွင် နှစ်ပေါင်း ၃၀ ကျော်ကြာမြင့်ပြီဖြစ်တဲ့အတွက် အဆောက်အဦများပျက်စီးနေပြီး လမ်း၊ ရေ၊ မီး၊ မိလ္လာစနစ်များပါ ပြုပြင်ရန် လိုအပ်လျက်ရှိကြောင်း သိရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုခေတ်လူငယ်အများစုမှာ မူးယစ်ဆေးသုံးစွဲတတ်နေသဖြင့် အထက်ပါလူငယ်ပြုပြင်ပျိုးထောင်ရေးစခန်းများရှိခြင်းဖြင့် တိုင်းပြည်အတွက်တန်ဖိုးရှိသည့် ကာယ၊ ဉာဏလုပ်သားများ ပြန်လည်ရရှိလာမှာဖြစ်ပါတယ်။ သို့ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းလိုသည်မှာ လူငယ်ပြုပြင်ရေးစခန်း ရွှေပြည်သာ(ဝက်ထီးကန်စခန်း)အား ယခင်ကကဲ့သို့ပြန်လည်ပြုပြင်တည်ဆောက်၍ နိုင်ငံတော်၏ပံ့ပိုးမှုဖြင့် ပြုပြင်ရန်လိုအပ်သည့် လူကြီးလူငယ်များအား စခန်းသွင်းလေ့ကျင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင် အလားတူစခန်းများ တည်ဆောက်ပေးရန်ရှိ/မရှိသိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြစ်ပါတယ်။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော်ကပဲ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာရှိတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ မူးယစ်ဆေးဝါးသုံးစွဲမှုကုသရေးလုပ်ငန်းများ

အနေဖြင့် လက်ရှိအခြေအနေမှာ ကျန်းမာရေးဝန်ကြီးဌာနက တာဝန်ယူဖွင့်လှစ်ထားတဲ့ ဆေးကုသရေးဌာနကြီး ၂၆ ခုနဲ့ ဌာနငယ် ၄၇ ခုဖွင့်လှစ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် မူးယစ်ဗဟိုမှ တာဝန်ယူဆောင်ရွက်နေတဲ့ လူငယ်များပြုစုပျိုးထောင်ရေးစခန်း ရွှေပြည်အေး၊ ရွှေပြည်သစ်၊ ရွှေပြည်သာသုံးခုကိုလည်း ဖွင့်လှစ်ထားရှိပါတယ်။ ရွှေပြည်အေး လူငယ်ပြုစုပျိုးထောင်ရေးဌာနဟာ ရှမ်းပြည်နယ်၊ ဖယ်ခုံမြို့နယ်၊ ကန်ဆုံကျေးရွာအုပ်စု၊ ကသည်းကျေးရွာအနီးမှာတည်ရှိပြီးတော့ ၁၉၈၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှာ ကသည်းဘက်စုံပြန်လည်ထူထောင်ရေးစခန်းအနေဖြင့် စတင်ဖွင့်လှစ်ခဲ့ရာ ၂၀၀၂ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့မှာ ရွှေပြည်အေး လူငယ်ပြုစုပျိုးထောင်ရေးစခန်းဟုလည်းကောင်း၊ ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့မှာ ရွှေပြည်အေး လူငယ်ပြုစုပျိုးထောင်ရေးဌာနဟုလည်းကောင်း အမည်ပြောင်းလဲသတ်မှတ်ခဲ့ပါတယ်။ ရွှေပြည်အေး လူငယ်ပြုစုပျိုးထောင်ရေးဌာနမှာ ၁၉၈၃ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့မှ ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့ထိ သင်တန်း အမှတ်စဉ်(၁)မှ(၂၈) အထိ သင်တန်းသား ၄၄၅ ဦးကို လက်ခံလေ့ကျင့်ပျိုးထောင်ပေးနိုင်ခဲ့ပါတယ်။ သို့ပေမယ့်လည်း ၂၀၀၅ ခုနှစ်နောက်ပိုင်းမှာ သင်တန်းသားရရှိဖို့အခက်အခဲကြောင့် သင်တန်းဆက်လက်ဖွင့်လှစ်နိုင်ခြင်းမရှိခဲ့ပါ။

ရွှေပြည်သစ် လူငယ်ပြုစုပျိုးထောင်ရေးဌာနကို မူဆယ်မြို့နယ်(တီးမား)မှာ ၂၀၀၇ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် သင်တန်းသား ၃၉၂ ဦးကို လက်ခံလေ့ကျင့်ပြုစုပျိုးထောင်နိုင်ခဲ့ပါတယ်။ သို့သော်လည်း နယ်မြေလုံခြုံရေးအခြေအနေအရ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့မှ စတင်ပြီး လုံးဝပိတ်သိမ်းခဲ့ရပြီး အဆိုပါစခန်းကိုလည်း နေရာပြောင်းလဲပြန်လည်ဖွင့်လှစ်နိုင်ရေးကို စီမံဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဗဟိုအဖွဲ့အနေနဲ့ မူးယစ်ဆေးဝါးသုံးစွဲမှုမြင့်မားတဲ့ဒေသများပေါ်မူတည်ပြီး ကျန်းမာရေးဦးစီးဌာန၊လူမှုဝန်ထမ်းဦးစီးဌာန၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းရပ်မိရပ်ဖများနဲ့ပူးပေါင်းပြီး လူထုအခြေပြု မူးယစ်ဆေးဝါးကုသရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

သို့ဖြစ်ရာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလက ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ မန်တုံမြို့နယ် ပင်လောင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ၂၀ ဦး၊ ၂၀၁၃ ခုနှစ် ဇန်နဝါရီလက လားရှိုးမြို့နယ်မှာ ၃၁ ဦး၊ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လက ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ် ပန်ဇလိကျေးရွာမှာ ၃၁ ဦး၊ ၂၀၁၃ ခုနှစ် အောက်တိုဘာလက စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်မှာ ၂၅ ဦးတို့ကို လူထုအခြေပြု မူးယစ်ဆေးဝါးကုသခြင်းလုပ်ငန်းများကို မူးယစ်ဗဟိုရဲ့ ဦးဆောင်မှုနဲ့ ကျန်းမာရေးဦးစီးဌာန၊ လူမှုဝန်ထမ်း

ဦးစီးဌာန၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့နဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ် ဝက်ထီးကန်မှာရှိတဲ့ ရွှေပြည်သာ လူငယ်များပြုစုပျိုးထောင်ရေးစခန်းကို ၁၉၈၂ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၈၂ ခုနှစ်မှာ သင်တန်းသား ၁၁၁ ဦးဖြင့် တစ်ကြိမ်၊ ၁၉၈၃ ခုနှစ်မှာ သင်တန်းသား ၁၈၃ ဦးဖြင့်တစ်ကြိမ်၊ သင်တန်းသား ၂၉၉ ဦးဖြင့် တစ်ကြိမ် စုစုပေါင်း သုံးကြိမ်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားရရှိမှုအခက်အခဲများကြောင့် ၁၉၈၄ ခုနှစ်မှ ၁၉၉၄ ခုနှစ်ထိကို ရပ်နားထားရှိခဲ့ပါတယ်။

မူးယစ်ဆေးဝါးသုံးစွဲမှုဖြင့် ပြစ်ဒဏ်ကျခံနေသူများကို စိတ်ဓာတ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်ရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လေ့လာဆည်းပူးနိုင်ရန်အတွက် ၁၉၉၅ ခုနှစ်မှာ ၃၀ ဦးဖြင့်တစ်ကြိမ် ထပ်မံဖွင့်လှစ်နိုင်ခဲ့ပြီး ၁၉၉၉ ခုနှစ်မှ ၂၀၀၇ ခုနှစ်ထိမှာ သင်တန်းသား ၅၀ ဦးစီဖြင့် တစ်ကြိမ်စီ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ မိဘအပ်ဆေးဖြတ်သင်တန်းသားအနေဖြင့် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၇ ခုနှစ်ထိ ၁၀၅ ဦး၊ ၂၀၀၈ ခုနှစ်မှာ တစ်ဦး၊ ၂၀၀၉ ခုနှစ်မှာ နှစ်ဦး၊ ၂၀၁၀ ခုနှစ်မှာ ၁၂ ဦး၊ ၂၀၁၁ ခုနှစ်မှာကိုးဦး၊ ၂၀၁၂ ခုနှစ်မှာ ၁၃ ဦး၊ ၂၀၁၃ မှ ၂၀၁၄ ဇန်နဝါရီလအထိ ၄၂ ဦး စုစုပေါင်း ၁၈၄ ဦးကို စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများ ပြုပြင်ပေးနိုင်ခဲ့ပြီး ယခုလက်ရှိမိဘအပ်သင်တန်းသားခြောက်ဦးကိုလည်းပြုစုပျိုးထောင်ပေးလျက်ရှိပါတယ်။ ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့မှာ ရွှေပြည်သာ လူငယ်ပြုစုပျိုးထောင်ရေးဌာနအဖြစ် ထပ်မံအဆင့်မြှင့်ခဲ့ပြီး သင်တန်းမှာ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သင်တန်းသားတစ်ဦးလျှင် ၄၃၂ ကျပ် ၁၀ ပြားနှုန်း၊ မူးယစ်ဗဟိုမှ ၁၆၅ ကျပ်နှုန်းဖြင့် နံနက်ခင်းစာ၊ နံနက်စာနှင့် ညနေစာများကို စုစုပေါင်းရန်ပုံငွေ ၅၉၇ ကျပ် ၁၀ ပြားနှုန်းဖြင့် ကျွေးမွေးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ရွှေပြည်သာ လူငယ်များပြုစုပျိုးထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ခဲ့ပေမယ့်လည်း နောက်ပိုင်းမှာ သင်တန်းသားရရှိမှုအခက်အခဲများကြောင့် ဖွင့်လှစ်နိုင်ခဲ့ခြင်းမရှိဘဲ အုပ်ထိန်းသူများက ၎င်းတို့၏သားသမီးများအား ပြန်လည်ပြုစုပျိုးထောင်ပေးရန်အပ်နှံတဲ့ သင်တန်းသား အနည်းငယ်ကိုသာ လေ့ကျင့်ပြုစုပျိုးထောင်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အဖြစ် ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ရွှေပြည်သာ လူငယ်ပြုစုပျိုးထောင်ရေးဌာနကို ရွှေပြည်သာ လူငယ်များပြုစုပျိုးထောင်ရေးစခန်းဟု ပြောင်းလဲခဲ့ပါတယ်။ ရွှေပြည်သာ လူငယ်များပြုစုပျိုးထောင်ရေးစခန်းနဲ့ ပတ်သက်တဲ့ အဆောက်အဦများကို အုပ်စုလေးစုခွဲပြီး ဖွဲ့စည်းထားရှိပြီး အုပ်စု(၁)က အကျဉ်းဦးစီးဌာနမှ အကျဉ်းသားများအတွက် သတ်မှတ်

ထားတဲ့နေရာ ဖြစ်ပါတယ်။ အုပ်စု(၂)မှ(၄) အထိက သင်တန်းသားများနေထိုင်ရာ ပုံစံတူအဆောက်အဦများ ဆောက်လုပ်ထားရှိပြီး ဖြစ်ပါတယ်။ သင်တန်းသားများအဖြစ် ပါဝင်တက်ရောက်မယ့် မူးယစ်ဆေးဖြတ်ကုသလိုသူအရေအတွက် ရရှိမှုပေါ် မူတည်ပြီး မူလအဆောက်အဦများကို လိုအပ်တဲ့ပြင်ဆင်မှုများ ပြုလုပ်သွားမှာပဲ ဖြစ်ပါတယ်။ မူးယစ်ဗဟိုအဖွဲ့အနေဖြင့် မိဘများအပ်နှံခြင်း သို့မဟုတ် မိမိဆန္ဒအလျောက်မူးယစ်ဆေးဝါးဖြတ်လိုတဲ့ မူးယစ်ဆေးစွဲသူများရှိပါက ယခင်မူလ မူးယစ်ဆေးဖြတ်သင်တန်းများကဲ့သို့ သင်တန်းများဆက်လက်ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်။

သို့ဖြစ်ရာ အဆောက်အဦများ ပြင်ဆင်မွမ်းမံရေးနှင့်စပ်လျဉ်း၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာပါဝင်ခြင်းမရှိသော်လည်း သင်တန်းသား ရရှိမှုတိုးမြင့်လာပါက သီးခြားကိစ္စတစ်ရပ်အနေဖြင့် ဘဏ္ဍာငွေခွဲဝေရရှိရေး တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် လတ်တလောအခြေအနေအရ ကျန်ရှိတဲ့တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ဖွင့်လှစ်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မွန်ပြည်နယ်တွင် မူးယစ်အထူးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရန်၊ လောင်းကစားမှုများ၊ မူးယစ်ဆေးဝါးများနှင့် ချဲဒိုင်များအား ထိရောက်စွာဖမ်းဆီးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်မိမြင့်သန်း၊ ရေးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်း ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ရဲ့မွန်ပြည်နယ်မှာ လူမျိုးပေါင်းစုံနေထိုင်သော ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ယင်းပြည်နယ်ထဲတွင် မြို့နယ် ၁၀ ခုနဲ့ မြို့နယ်ခွဲ နှစ်ခုဖြင့် ဖွဲ့စည်းထားပါတယ်။ ကျွန်မတို့ရဲ့မွန်ပြည်နယ်တွင် မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှု၊ လောင်းကစားမှုများ ပေါများစွာပြုလုပ်နေတာကိုလည်း လေ့လာတွေ့ရှိခဲ့ရပါတယ်ရှင်။ တချို့လောင်းကစားမှုတွင် ပွဲလမ်းသဘင်များဖန်တီး၍ လောင်းကစားမှုများဆောင်ရွက်ခြင်း၊ တချို့ချဲဒိုင်များနှင့် မူးယစ်ဆေးဝါးတွဲဖက်၍ လုပ်ကိုင်နေခြင်းကိုလည်း မြို့နယ်များနှင့် ကျေးရွာများအဆင့်အထိ ပျံ့နှံ့လျက်ရှိနေတာကိုလည်း လေ့လာတွေ့မြင်နေခဲ့ရပါတယ်။ ဒါ့ကြောင့် ကျွန်မမေးချင်တဲ့မေးခွန်းက (က)မွန်ပြည်နယ်တွင် အထူးမူးယစ်အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းဖို့အစီအစဉ်ရှိပါသလား။ (ခ) ပွင့်လင်းရာသီတွင် ပွဲလမ်းသဘင်များဖန်တီး၍ လောင်းကစားမှုများ လုပ်ဆောင်နေတာကို ဖမ်းဆီးဖို့

အစီအစဉ်ရှိပါသလား။ (ဂ)မူးယစ်ဆေးဝါးများနှင့် ချဲဒိုင်များပူးတွဲ၍လည်းကောင်း၊ မူးယစ်ဆေးဝါးများကို သီးသန့်ရောင်းဝယ်မှုများလုပ်ဆောင်နေခြင်းကိုလည်းကောင်း၊ ပြည်သူများအကြားပျံ့နှံ့နေတာကို ထိရောက်စွာဖမ်းဆီးဖို့အစီအစဉ်ရှိပါသလား။ အစီအစဉ်ရှိလျှင် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်။ အစီအစဉ်မရှိရင်လည်း အဘယ်ကြောင့် အစီအစဉ်မရှိတာကိုလည်း ပြည်သူများကိုယ်စား ဖြေကြားပေးစေလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့စပ်လျဉ်းပြီးတော့ ကျွန်တော်ကပဲ ဆက်လက်ဖြေရှင်းတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်လျက်ရှိရာ ၁၉၇၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့မှာ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့ကိုးဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်အဖွဲ့များကို သတ်မှတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ မူးယစ်ဗဟိုအဖွဲ့မှာ ဥက္ကဋ္ဌအဖြစ် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနမှဝန်ကြီး၊ အတွင်းရေးမှူးအဖြစ် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးမှ ဆောင်ရွက်ခဲ့ပြီး အဖွဲ့ဝင် ၁၀ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေနဲ့ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်ပြီး ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေးမဟာဗျူဟာနဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများရဲ့ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေး မဟာဗျူဟာတစ်ရပ်ကိုချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ ၎င်းမဟာဗျူဟာနှစ်ရပ်ကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ထုတ်လုပ်မှုပပျောက်ရေးနည်းဗျူဟာ၊ သုံးစွဲမှုပပျောက်ရေးနည်းဗျူဟာနဲ့ တားဆီးနှိမ်နင်းရေးနည်းဗျူဟာသုံးရပ်ကိုလည်းချမှတ်ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ၁၉၈၉ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့မှာ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ကျွန်တော်တို့ အဖွဲ့ဝင် ၁၄ ဦးဖြင့်လည်းကောင်း၊ ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့မှာ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို အဖွဲ့ဝင် ၂၁ ဦးဖြင့်လည်းကောင်း၊ ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့မှာ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို အဖွဲ့ ဝင် ၂၄ ဦး

လုပ်ငန်းအဖွဲ့ ၁၃ ဖွဲ့ဖြင့်လည်းကောင်း၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့မှာ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို အဖွဲ့ဝင် ၂၄ ဦးဖြင့်လည်းကောင်း၊ ၂၀၁၁ ခုနှစ်၊ မေလ ၂၇ ရက်နေ့မှာ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို အဖွဲ့ဝင် ၁၉ ဦးဖြင့် လည်းကောင်း ပြင်ဆင်ဖွဲ့စည်းခဲ့မှုများပြုလုပ်ခဲ့ပြီး ဗဟိုအဖွဲ့အောက်မှာ အဖွဲ့ ၁၀ ဖွဲ့ကိုလည်း ပြင်ဆင် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းကို ၁၉၉၉-၂၀၀၀ ခုနှစ်မှ စတင် ဆောင်ရွက်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်အထိ ငါးနှစ်စီ သုံးပိုင်းစီခွဲဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မှာ စီမံကိန်းကာလကုန်ဆုံးပြီဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ မူးယစ်ဗဟိုအစည်းအဝေး(၂/၂၀၁၂)က မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံ ကိန်းကို နောက်ထပ်ငါးနှစ်တိုးမြှင့်ပြီး ၂၀၁၄-၂၀၁၅ မှ ၂၀၁၈-၂၀၁၉ အထိကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ဆုံးဖြတ်ချက်များချမှတ်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာဆောင် ရွက်နိုင်ရန်အတွက် မူးယစ်ဗဟိုအဖွဲ့လက်အောက်မှာ မူလဖွဲ့စည်းထားတဲ့လုပ်ငန်းအဖွဲ့ ၁၃ ဖွဲ့ကို တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့၊ အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးအဖွဲ့၊ သီးနှံ အစားထိုးစိုက်ပျိုးရေးအဖွဲ့၊ မွေးမြူရေးအဖွဲ့၊ ဆေးကုသရေးအဖွဲ့၊ ပြန်လည်ထူထောင်ရေးအဖွဲ့၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့၊ ပြည်သူများအား အသိပညာပေးရေးလှုံ့ဆော် ရေးအဖွဲ့၊ နိုင်ငံတကာဆက်ဆံရေးအဖွဲ့နဲ့ ထိန်းချုပ်ဓာတုဗေဒပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့ဟူ၍ တူညီ သောကဏ္ဍအလိုက်ပေါင်းစပ်ဖွဲ့စည်းပြီး လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့ဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက် ခဲ့ပါတယ်။

ဒါ့အပြင် တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်/ခရိုင်/မြို့နယ်/မြို့နယ်ခွဲ/ရပ်ကွက်/ကျေးရွာ အုပ်စု မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ကိုလည်းဖွဲ့စည်း၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးပပျောက်ရေးနဲ့ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှာကျင်းပတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အစည်းအဝေးအမှတ်စဉ် (၂၄/၂၀၁၃)အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့မူးယစ်ဗဟိုရုံးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာနကို မူးယစ် ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အဖြစ် ပြင်ဆင်တိုးချဲ့ဖွဲ့စည်းခွင့်ပြုခဲ့ပါတယ်။ ၎င်းဖွဲ့စည်းပုံအရ တပ်ဖွဲ့ခွဲသုံးခုအနက် ၎င်းတို့ရဲ့ကွပ်ကဲမှုအောက်မှာ တပ်ဖွဲ့ စု ၅၀ စုကိုလည်း ဖွဲ့စည်းထားရှိပြီးဖြစ်ပါ

တယ်။ လောလောဆယ် မွန်ပြည်နယ်မှာ မော်လမြိုင်မြို့နယ် တပ်ဆွယ်တစ်ဆွယ်၊ သထုံမြို့နယ်မှာ တပ်ဆွယ်တစ်ဆွယ်တို့ကိုဆောင်ရွက်လျက်ရှိပြီး ဆက်လက်ပြီး မော်လမြိုင်မြို့နယ်မှာ တပ်ဖွဲ့စုအမှတ်(၃၈)နဲ့ ရေးမြို့မှာ တပ်ဖွဲ့စုအမှတ်(၃၉)တို့ကိုလည်း တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ရန် စီမံထားရှိပြီးဖြစ်ပါတယ်။ မွန်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်ပပျောက်ရေးအတွက် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် မွန်ပြည်နယ်၊ ရဲတပ်ဖွဲ့မှမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး(မိုးကြိုး)စီမံချက်ကို ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှာ ရေးဆွဲဆောင်ရွက်ခဲ့ပြီး လက်အောက်ခရိုင်/မြို့နယ်များကို စီမံချက်အရ တားဆီးနှိမ်နင်းရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် ကြပ်မတ်ကွပ်ကဲခြင်း၊ ပြည်သူလူထုနှင့်ကျောင်းသားလူငယ်တို့အတွင်း မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးခြင်းကို တက္ကသိုလ်၊ ကောလိပ်၊ ကျောင်းများ၊ ရပ်ကွက်၊ ကျေးရွာအတွင်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန်ကြပ်မတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ မွန်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီး အရေးယူမှုအနေဖြင့် ၂၀၁၁ ခုနှစ်မှာ အမှု ၃၃ မှု၊ တရားခံကျား ၄၂ ဦး၊ မ ၈ ဦး စုစုပေါင်း ၅၀ ဦး၊ ဆေးခြောက် ၃.၄၃ ကီလို၊ စိတ်ကြွဆေးပြား ၁၀၁၉ ပြား၊ ဘိန်းစာရွက် ၀.၃၇၅ ကီလို၊ စုစုပေါင်းတန်ဖိုး ကျပ် ၆၁၅၈၇၅၀၊ ၂၀၁၂ ခုနှစ်မှာ အမှု ၄၄ မှု၊ တရားခံကျား ၅၉ ဦး မ ၁၂ ဦး၊ ပေါင်း ၇၁ ဦး၊ ဆေးခြောက် ၁၅.၃၇ ကီလို၊ စိတ်ကြွဆေးပြား ၃၃၆၈ ပြား၊ ဘိန်းစာရွက် ၂၂.၁၁ ကီလို စုစုပေါင်းတန်ဖိုး ငွေကျပ် ၂၃၇၅၁၀၀၀၊ ၂၀၁၃ ခုနှစ်မှာ အမှု ၁၀၅ မှု၊ တရားခံကျား ၁၄၅ ဦး၊ မ ၂၃ ဦး ပေါင်း ၁၆၈ ဦး ဆေးခြောက် ၄.၅၁၇ ကီလို စိတ်ကြွဆေးပြား ၂၀၇၂၄၃ ပြား၊ ဘိန်းစာရွက် ၁၆.၃၄ ဂရမ်၊ စိတ်ပြောင်းဆေးဝါး ၂၇၉ ပြား စုစုပေါင်းတန်ဖိုးငွေကျပ် ၇၃၅၈၁၇၇၅ ကို သိမ်းဆည်းရမိအရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ မူးယစ်ဆေးဝါး အသိပညာပေးဟောပြောမှုအနေနဲ့ ၂၀၁၃ ခုနှစ်မှာ ပညာပေးဟောပြော မှု ၃၃၆ ကြိမ်၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူလူထုစုစုပေါင်း ၇၆၁၃၃ ဦးတို့ကို အသိပညာပေးဟောပြောမှုများကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

မွန်ပြည်နယ်အတွင်း လောင်းကစားမှုပပျောက်ရေးအတွက်ကို ကော်မတီများဖွဲ့စည်းပြီး ကော်မတီအလိုက် လောင်းကစားမှုများ ကင်းစင်ပပျောက်ရေးအတွက် လုပ်ငန်းများအရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်း၊ ကော်မတီအလိုက် လစဉ်ဆောင်ရွက်ချက်အပေါ် အားသာချက်၊ အားနည်းချက်များပြန်လည်သုံးသပ်ပြီး အားနည်းချက်များမဖြစ်ပေါ်အောင် လုပ်ငန်းအစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ မွန်ပြည်နယ်ရဲတပ်ဖွဲ့အနေနဲ့လည်း ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအလိုက် လောင်းကစားမှုပပျောက်ရေး စီမံချက်များရေးဆွဲပြီး ပြည်နယ်မှူခင်းအကူအဖွဲ့၊ ခရိုင်အထူးမှုခင်း

နှိမ်နင်းရေးအဖွဲ့၊ ရဲစခန်းအလိုက်ဖွဲ့စည်းထားတဲ့ နယ်ထိန်းအဖွဲ့များဖြင့် လောင်းကစားဒိုင်ကြီးများ ဖော်ထုတ်ဖမ်းဆီးခြင်း၊ ထိရောက်လောင်းကစားမှုများ ဖမ်းဆီးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူလူထု၊ ဝန်ထမ်းများ၊ ကျောင်းသားလူငယ်များကိုလောင်းကစားမှုများရဲ့ဆိုးကျိုးများ ကျယ်ကျယ် ပြန့်ပြန့်သိရှိစေရန်နဲ့ လောင်းကစားမှုတိုက်ဖျက်ရေးမှာ ပူးပေါင်းပါဝင်လာစေရန်အတွက် လောင်း ကစားမှုပပျောက်ရေး မြို့နယ်ကော်မတီငါးရပ်ကိုလည်းဖွဲ့စည်းပြီး အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ရပ်မိ ရပ်ဖများနဲ့ပူးပေါင်းပြီး အသိပညာပေးဟောပြောခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

လောင်းကစားမှုများ ဖမ်းဆီးအရေးယူမှုအနေဖြင့် ၂၀၁၁ ခုနှစ်မှာ အမှုပေါင်း ၈၆ မှု၊ တရားခံ ကျား ၇၄ ဦး၊ မ ၄၂ ဦး စုစုပေါင်း ၁၁၆ ဦး၊ လောင်းကြေးငွေစုစုပေါင်း ကျပ် ၆၇၉၄၁၇၅၊ ၂၀၁၂ ခုနှစ် မှာ အမှုပေါင်း ၁၂၉ မှု၊ တရားခံကျား ၁၃၄ ဦး၊ မ ၇၃ ဦး စုစုပေါင်း ၂၀၇ ဦး၊ လောင်းကြေးငွေစုစု ပေါင်း ကျပ် ၉၅၆၀၅၀၅၊ ၂၀၁၃ ခုနှစ်မှာ ဇန်နဝါရီလ ၁ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် နေ့အထိ အမှုပေါင်း ၁၂၈ မှု၊ တရားခံကျား ၁၇၄ ဦး၊ မ ၇၁ ဦး စုစုပေါင်း ၂၄၅ ဦး၊ လောင်းကစားမှု လောင်းကြေးငွေစုစုပေါင်း ကျပ် ၇၇၆၇၇၆၅ တို့ကို သိမ်းဆည်းရမိပြီး အရေးယူဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ လောင်းကစားမှု အသိပညာပေးဟောပြောမှုအနေနဲ့ ပြည်သူလူထုအခြေပြု ၅၁၁ ကြိမ်၊ ပြည်သူများ စုစုပေါင်း ၂၁၄၅၅ ဦးတို့ကိုလည်း အသိပညာပေးဟောပြောမှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါ တယ်။ မွန်ပြည်နယ်အတွင်း အလှူမင်္ဂလာအခမ်းအနားများ၊ ဘုရားပွဲတော်များ၊ နေထူးနေ့မြတ်များမှာ ပွဲလမ်းသဘင်များ ထည့်သွင်းကျင်းပရာ၌ လောင်းကစားမှုများ မပါဝင်စေရေးအတွက်ကို သက်ဆိုင်ရာ ပွဲမိန့်လျှောက်ထားသူများကို ဖျော်ဖြေပွဲများမှာ လောင်းကစားမှုများမပါဝင်ကြောင်း ဝန်ခံကတိ လက်မှတ်များကို ပွဲမိန့်လျှောက်လွှာနဲ့အတူ ပူးတွဲတင်ပြလျှောက်ထားမှသာ သက်ဆိုင်ရာမြို့နယ်ရဲတပ် ဖွဲ့မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ပွဲမိန့်များထောက်ခံပေးခြင်း၊ ခွင့်ပြုပေးခြင်းတို့ကို ဆောင်ရွက်ပေး လျက်ရှိပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့လည်း လျှို့ဝှက်သတင်းစုံစမ်းခြင်း၊ လောင်းကစားမှုများ လျှို့ဝှက်ထည့်သွင်းပြုလုပ်ပါက ဖမ်းဆီးအရေးယူခြင်းများကိုလည်း ဆောင်ရွက် လျက်ရှိပါတယ်။

မွန်ပြည်နယ်ရဲတပ်ဖွဲ့ကို ပြည်သူများက မူးယစ်ဆေးဝါးမှုခင်းများ၊ လောင်းကစားမှုခင်းများနဲ့ အခြားသတင်းများ ပေးပို့တိုင်ကြားနိုင်ရန်အတွက် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှာ တိုင်ကြားချက်လက်ခံ ရန်အတွက် ဖုန်းအမှတ် ၀၅၇၁၉၉ နဲ့ ၀၅၇၂၄၉၈၇ တို့ကို တပ်ဆင်ထားရှိပြီး ဖုန်းနံပါတ်များကို ပြည်သူ များသိရှိတိုင်ကြားနိုင်ရန်အတွက် အသိပေးကြော်ငြာထားရှိပြီးလည်း ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးမှုခင်း

များ၊ လောင်းကစားမှုခင်းများကို မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးများမှာရှိတဲ့ အထက်ပါ ဖုန်းနံပါတ်များကိုလည်းကောင်း၊ တိုင်စာများဖြင့်လည်းကောင်း သတင်းပေးပို့တိုင်ကြားလာပါက မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲ့အစီအစဉ်နဲ့ ဖမ်းဆီးရေးအဖွဲ့များ ဖွဲ့စည်းပြီး အချိန်နှင့်တစ်ပြေးညီ ဖမ်းဆီးအရေးယူရေး ဆောင်ရွက်လျက်ရှိပါတယ်။ မွန်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးနဲ့လောင်းကစားမှုများ ကင်းစင်ပပျောက်ရေးအတွက်ကို မွန်ပြည်နယ်အစိုးရအဖွဲ့နဲ့ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးတို့က ကြပ်မတ်လျက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအလိုက် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး(မိုးကြိုး)စီမံချက်နဲ့ လောင်းကစားမှုပပျောက်ရေးစီမံချက်တို့ကိုရေးဆွဲပြီး အရေးယူဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာတာဝန်ရှိသူများနဲ့အတူ ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှသာလျှင် အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ နောက်ဆက်တွဲမေးခွန်း မေးခွင့်ပြုပါရှင်။ အခု ကျွန်မတို့ရဲ့ စံပြကျေးရွာနဲ့ နှင်းစုံကျေးရွာဆိုတဲ့ ကရင်ရွာနှစ်ရွာပေါ့နော်။ အဲ့ဒီမှာ ပွဲလမ်းသဘင်များဖန်တီးပြီးတော့ လောင်းကစားမှုများဆောင်ရွက်နေတာကိုလည်း ကျွန်မအနေနဲ့ လေ့လာသိရှိပါတယ်။ အခုကာလမှာ ဒီပွဲလမ်းသဘင်ဖန်တီးပြီးတော့ လောင်းကစားမှုဆောင်ရွက်နေတာကို ဖမ်းဆီးဖို့အစီအစဉ်ရှိသလားဆိုတာလည်း ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ကျွန်မမေးမြန်းချင်ပါတယ်ရှင့်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ထပ်မံမေးမြန်းတဲ့မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော် အခုနကလည်း ဖြေကြားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီမူးယစ်ဆေးဝါးကိစ္စရော၊ လောင်းကစားမှုဆိုင်ရာကိစ္စများကို စီမံချက်ရေးဆွဲပြီးဆောင်ရွက်တဲ့နေရာမှာ ဒါအထူးအစီအမံအနေနဲ့ ၂၀၁၃ ခုနှစ် ဇွန်လကစပြီးတော့ မိုးကြိုးစီမံချက်ဆိုပြီးတော့ ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ ဘယ်အမှုမဆို ကျွန်တော်တို့က ဒါအထူးစီမံချက်မရေးဆွဲပေမယ့်လည်း ပုံမှန် ကျွန်တော်တို့လုပ်ရမယ့် လုပ်ငန်းတာဝန်များရှိတဲ့အတွက် ဒီမူးယစ်ဆေးဝါးကိစ္စရော၊ လောင်းကစားကိစ္စများကို ဆောင်ရွက်လျက်ရှိပါတယ်။ အထူးစီမံချက်အနေနဲ့ကတော့ ဒါ ကျွန်တော်တို့ ဒီမူးယစ်ဆေးဝါးများရော၊ လောင်းကစားမှုကို ပြုလုပ်လေ့၊ ပြုလုပ်ထများတဲ့ဒေသများကိုလည်း အထူးစီမံချက်ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိကြောင်းနဲ့ အခုလို လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြဆွေးနွေးတဲ့ ဒီလောင်းကစားမှုပြုလုပ်တဲ့ နေရာဌာနရှိတယ်ဆိုရင်လည်း

ကျွန်တော်တို့ ဆောင်ရွက်မည်ဖြစ်တဲ့အကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့ဝင်များအား တပ်မတော်နှင့်တပ်မတော်သားများနည်းတူ လစာနှင့် ခံစားခွင့်များတိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ညို၊ ပေါက်မဲဆန္ဒနယ်(ကိုယ်စား) ဦးခင်မောင်ဌေး၊ ထီးလင်းမဲဆန္ဒနယ် မှမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ဌေး(ထီးလင်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် လေ့လာရေးရောက်ရှိလာကြသောဧည့်သည်အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဂါရဝပြုမေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ ထီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဌေးဖြစ်ပြီး ပေါက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို၏ ကြယ်ပွင့်ပြမေးခွန်းကို(ကိုယ်စား)မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့ဝင် များအား တပ်မတော်နှင့်တပ်မတော်သားများနည်းတူ လစာနှင့်ခံစားခွင့်များ တိုးမြှင့်ပေး၍ အဆင့် အတန်းမြှင့်တင်ပေးရန် ကိစ္စမေးမြန်းခြင်းဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း(၇) ပုဒ်မ ၃၃၈ တွင် နိုင်ငံတော် အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ကွပ်ကဲမှုအောက်တွင်ရှိရမည်ဟု လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း(၁) ပုဒ်မ(၂) ပုဒ်မခွဲ(င)တွင် ဝန်ထမ်းဆိုသည်မှာ ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်၏ ဖွဲ့စည်းပုံပါ ရာထူးတစ်ခုခုတွင် ခန့်အပ်ခြင်းခံရသည့် ဝန်ထမ်းကိုဆို လိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေပါကိစ္စအလို့ငှာ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဝင်များမပါဝင်ဟုလည်းကောင်း နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ထွန်းကားရေးဟူသော အချက်များဖြင့် အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်နေ သည့်ကာလဖြစ်ပါတယ်။ ထိုကဲ့သို့ ဒီမိုကရေစီစနစ်ကျင့်သုံးသောနိုင်ငံများတွင် ရဲတပ်ဖွဲ့ဝင်များ၏ အခန်းကဏ္ဍတို့မှာ လွန်စွာအရေးပါနေလေ့ရှိပါတယ်။ အထက်ဖော်ပြပါအချက်တို့အရ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့ဝင်များအား တပ်မတော်သားများနည်းတူ လစာနှင့်ခံစားခွင့်များကို တိုးမြှင့် ပေးရန်လိုအပ်လျက်ရှိသည်ဟု ယူဆပါတယ်ခင်ဗျား။ သို့သော်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့

ဝင်များ၏ နေထိုင်မှုလစာနှင့်ခံစားခွင့်တို့မှာ နည်းပါးနေလေ့ရှိပါတယ်။ ဥပမာ ပေါက်မြို့၊ ထီးလင်းမြို့ နယ်စသော ရဲတပ်ဖွဲ့ဝင် နိုင်ငံ့အဆောက်အအုံများဟာ ပြုပြင်နိုင်ခြင်းမရှိ၍ ရဲတပ်ဖွဲ့ဝင်များ နေထိုင်မှု ခက်ခဲရသည့်အချက်တို့အပါအဝင် အလားတူ နေရာငါးခုမှ အသစ်ဖွဲ့စည်းပေးလိုက်သည်ဟုသိရှိရပါ တယ်ခင်ဗျား။ ကမ္ဘာ့လှည့်ခရီးသွားများ ကူညီစောင့်ရှောက်ရေးအဖွဲ့ ရဲတပ်ဖွဲ့ဝင်များ၏နေထိုင် သွားလခံစားခွင့်စတဲ့ အဆင်မပြေမှုများရှိကြောင်းလည်း လေ့လာသိရှိခဲ့ရပါတယ်ခင်ဗျား။ ဒါကြောင့် ကျွန်တော် မေးလိုတဲ့မေးခွန်းကတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့ဝင်များအား တပ်မတော်နှင့် တပ်မတော် သားများနည်းတူ လစာနှင့်ခံစားခွင့်များ တိုးမြှင့်ပေး၍ နိုင်ငံတကာရဲတပ်ဖွဲ့ဝင်များကဲ့သို့ အဆင့် အတန်းမြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သို့ဆောင်ရွက်နေကြောင်းနှင့် မရှိ ပါက အဘယ်ကြောင့်မရှိသည်ကို သိလို၍ဖြေကြားပေးပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရပါတယ်ခင်ဗျား။ အားလုံးကိုလေးစားပါတယ်။ (ဩဘာသံများ)

[ဦးခင်မောင်ညို၊ ပေါက်မဲဆန္ဒနယ်ကိုယ်စား ဦးခင်မောင်ဌေး၊ ထီးလင်းမဲဆန္ဒနယ်မှ မေးမြန်းပါ သည်။]

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး ပေါက်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညိုရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့စပ်လျဉ်းပြီး ကျွန်တော်ကဆက်လက် ဖြေရှင်းသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရဝန်ထမ်းအားလုံးသည် နိုင်ငံတော်ရဲ့ ကျေးဇူးတရားကို စောင့်သိလျက် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးရဲ့ ရည်မှန်းချက်တာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နေကြသူများဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(c) မှာ ဝန်ထမ်းဆိုသည်မှာ ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်၏ ဖွဲ့စည်းပုံပါ ရာထူးတစ်ခုခုတွင် ခန့်အပ် ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းကိုဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေကိစ္စအလို့ငှာ တပ်မတော် သားများနှင့် မြန်မာနိုင်ငံတော်ရဲတပ်ဖွဲ့ဝင်များ မပါဝင်ဟူ၍ ပြဋ္ဌာန်းထားရာ နိုင်ငံ့ဝန်ထမ်းဥပဒေအရ ခန့်အပ်တာဝန်ပေးထားသော ဝန်ထမ်းများနှင့်သာ သက်ဆိုင်ပြီး သီးခြားဥပဒေများဖြင့် ဖွဲ့စည်းထားရှိတဲ့ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ သက်ဆိုင်မှုမရှိကြောင်းကို ဆိုလို ရင်းဖြစ်ပါတယ်။

သို့ပေမယ့်လည်း တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က နိုင်ငံ့ဝန်ထမ်းဥပဒေအရ ဖွဲ့စည်းထားရှိတဲ့ အဖွဲ့အစည်းများမဟုတ်သော်လည်း မိမိတို့အတွက် ပြဋ္ဌာန်းထားတဲ့ သီးခြားဥပဒေများနှင့်အညီ ရည်မှန်းချက်တာဝန်များကို ဆောင်ရွက်လျက်ရှိတဲ့ နိုင်ငံ့ဝန်ထမ်းများပဲဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အစိုးရ ဝန်ထမ်းအဖွဲ့အစည်းများရဲ့ တာဝန်ထမ်းဆောင်ရမှု လုပ်ငန်းသဘောသဘာဝအရ ထိုက်သင့်တဲ့ လစာနှုန်းထားများနှင့် ခံစားခွင့်များကို အသီးသီးချီးမြှင့်ပေးထားသကဲ့သို့ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့်အညီ အခြေအနေအချိန်အခါနှင့်လျော်ညီစွာ အစိုးရဝန်ထမ်းအဖွဲ့အစည်းများရဲ့ လစာနှင့်ခံစားခွင့်နှုန်းထားများကို ထိုက်သင့်တဲ့တိုးမြှင့်ပေးမှုများကို ပြုလုပ်ပေးလျက်ရှိပါတယ်။ သို့ပေမယ့်လည်း တာဝန်ထမ်းဆောင်ရတဲ့ လုပ်ငန်းသဘောသဘာဝအရ ထိုက်သင့်သော လစာနှင့်ခံစားခွင့်များက တူညီနိုင်မည်မဟုတ်ကြောင်းတွေ့ရမှာဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၇ မှာ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည်ဟူ၍လည်းကောင်း၊ ပုဒ်မ ၃၃၉ မှာ နိုင်ငံတော်အား ပြည်တွင်း၊ ပြည်ပအန္တရာယ်များမှ ကာကွယ်ရေးအတွက်ကို တပ်မတော်ကဦးဆောင်ရမည်ဟူ၍လည်းကောင်း၊ ပုဒ်မ ၃၄၁ မှာ နိုင်ငံတော်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရာယ်များကျရောက်လျှင် တပ်မတော်က ကူညီဆောင်ရွက်ရမည်ဟူ၍လည်းကောင်းပြဋ္ဌာန်းထားရှိပါတယ်။ အဆိုပါ ပြဋ္ဌာန်းချက်များနှင့်အညီ တပ်မတော်သားများက နိုင်ငံတော်အချုပ်အခြာအာဏာ တည်မြဲရေးနှင့် နိုင်ငံတော်လုံခြုံရေးလုပ်ငန်းတာဝန်များအတွက်ကို အချိန်မရွေး၊ နေရာဒေသမရွေး၊ ရာသီမရွေး အစဉ်အမြဲ အသက်နှင့်ခန္ဓာကိုယ်ကို စွန့်လွှတ်အနစ်နာခံထမ်းဆောင်လျက်ရှိနေရာမှ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှ ယနေ့အချိန်အထိ သမိုင်းကြောင်းက သက်သေခံလျက်ရှိသည်ကို တွေ့ရမှာဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရမှ သက်စွန့်ကြိုးပမ်း စွန့်လွှတ်အနစ်နာခံဆောင်ရွက်လျက်ရှိတဲ့ တပ်မတော်သားများကို အခြားသော အစိုးရဝန်ထမ်းအဖွဲ့အစည်းများထက် သီးသန့်လစာပိုပေးခြင်း၊ ရိက္ခာအဖြစ် ဆန်၊ ဆီ၊ ကုလားပဲ၊ နို့ဆီအပါအဝင် စားသုံးကုန် ၁၅ မျိုးကို အခမဲ့ထုတ်ပေးပြီး ပင်ပန်းကြမ်းတမ်းမှုနှင့် သက်စွန့်တာဝန်စရိတ်အဖြစ် ငွေကျပ် ၅၀၀၀ စီကို ထုတ်ပေးထားလျက်ရှိပါတယ်။ အလားတူ နိုင်ငံတကာမှာလည်း တပ်မတော်သားများကို အခြားနိုင်ငံ့ဝန်ထမ်းများထက် လစာနှင့် ခံစားခွင့်များ ပိုမိုခံစားခွင့်ပေးလျက်ရှိကြောင်းကိုလည်း လေ့လာတွေ့ရှိနိုင်မှာဖြစ်ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဆိုတဲ့ ရည်မှန်းချက်တာဝန်များကို ဆောင်ရွက်လျက်ရှိပါတယ်။ တပ်မတော်နဲ့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့က ထမ်းဆောင်ရတဲ့ ရည်မှန်းချက်တာဝန်၊ လုပ်ငန်းသဘော သဘာဝ၊ အခြေစိုက်နေထိုင်တဲ့ အခြေအနေများတူညီမှုမရှိတဲ့အတွက် လစာ၊ ရိက္ခာ/စရိတ်တို့လည်း တူညီမှုမရှိနိုင်ပါ။ သို့ပေမယ့်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ၂၄ နာရီတာဝန်ထမ်းဆောင်ရ သူများဖြစ်တဲ့အတွက် တပ်မတော်သားများနည်းတူ ရိက္ခာနှင့်သင့်တင့်သော လစာများ ရရှိလျက်ရှိရာ ရိက္ခာထောက် ပံ့ငွေအဖြစ် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ တပ်ဖွဲ့ဝင်တစ်ဦး တစ်ရက်လျှင် ကျပ် ၅၀၀ နှုန်းဖြင့် ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှလည်းကောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကျပ် ၈၀၀ နှုန်းဖြင့် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှလည်းကောင်း ခံစားလျက်ရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေး နှစ်မှာ ကျပ် ၁၀၀၀ နှုန်းဖြင့် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ တိုးမြှင့်ခံစားခွင့်ရရန် တင်ပြထား ရှိပြီးဖြစ်ပါတယ်။ ကျန်းမာရေးဆိုင်ရာ ထောက်ပံ့မှုစရိတ်အနေဖြင့် ရဲတပ်ရင်းများမှာရှိတဲ့ တပ်ဖွဲ့ဝင်/ စာရေး ဝန်ထမ်းများနှင့် အတူနေမိသားစုဝင်များအတွက် ကျန်းမာရေးဆိုင်ရာ ဆေးဖိုးရန်ပုံငွေအဖြစ် ကျပ်သန်း ၄၈၀.၉၀၇ ဆေးရုံတက်ကုသမှုအပါအဝင်ကို ခွဲဝေခွင့်ပြုပေးလျက်ရှိပါတယ်။ လာမည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာလည်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တစ်ခုလုံးအနေဖြင့် ထောက်ပံ့ပေးနိုင်ရေး ကိုလည်းစီမံဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ကို ပြည်ထောင်စုအစိုးရ၏ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ အစည်းအဝေးအမှတ်စဉ်(၇/၂၀၁၃)ဖြင့် ဖွဲ့စည်းခွင့် ရရှိပြီးဖြစ်လို့ ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့မှူးရုံး၊ နေပြည်တော်တပ်ဖွဲ့စု၊ ရန်ကုန် တပ်ဖွဲ့စု၊ မန္တလေးတပ်ဖွဲ့စု၊ ပုဂံတပ်ဖွဲ့စုနှင့် ရှမ်းပြည်နယ်တပ်ဖွဲ့စုများဖြင့် စုဖွဲ့ထားရှိပြီး လိုအပ်တဲ့ အင်အားဖွဲ့စည်းမှုများနှင့် ရုံးအဆောက်အဦများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကမ္ဘာ လှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့မှူးရုံးနှင့် နေပြည်တော်တပ်ဖွဲ့စုကို နေပြည်တော် ဇမ္ဗူသီရိ မြို့နယ် မြို့မရဲစခန်းမှလည်းကောင်း၊ ရန်ကုန်တပ်ဖွဲ့စုကို ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတား မြို့နယ်၊ ပန်းဆိုးတန်းလမ်းအမှတ်(၁၁၀)မှာရှိတဲ့ အဆောက်အဦမှလည်းကောင်း၊ မန္တလေးတပ်ဖွဲ့စုကို မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ (၁၉)လမ်းနှင့် ကမ်းနားလမ်းထောင့်မှာရှိတဲ့ ကျောက်သပိတ်ရဲကင်းမှာလည်းကောင်း၊ ပုဂံတပ်ဖွဲ့စုကို မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်

ပုဂံနယ်မြေရဲစခန်းမှလည်းကောင်း၊ ရှမ်းပြည်နယ်တပ်ဖွဲ့စုကို ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်၊ ညောင်ရွှေမြို့မရဲစခန်းမှလည်းကောင်း အသီးသီးအခြေပြုထားရှိပြီး ကမ္ဘာ့လှည့်ခရီးသွားများ သွားလာတတ်တဲ့နေရာများမှာ ဖြန့်ခွဲတာဝန်ယူထမ်းဆောင်လျက်ရှိပါတယ်။ အဆိုပါတပ်ဖွဲ့ဝင်များ အခြေပြုနေထိုင်တဲ့နေရာများနှင့် လုံခြုံရေးတာဝန်ယူဆောင်ရွက်ရတဲ့နေရာများကို သွားလာမှုအဆင်ပြေစေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် စက်ဘီးများ ဖြန့်ခွဲထုတ်ဝေထားရှိပြီးဖြစ်ပါတယ်။ အသစ်ဖွဲ့စည်းခဲ့တဲ့ တပ်ဖွဲ့ဖြစ်တဲ့အတွက် တပ်ဖွဲ့ဝင်များအနေဖြင့် လတ်တလော အခြေအနေအရ အခက်အခဲများရှိနေမှာဖြစ်ပေမယ့်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်က အဓိကဖြေရှင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ခေတ်မီတိုးတက်စေရေးအတွက် ဖွဲ့စည်းပုံများကို တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိရာမှာ တပ်ဖွဲ့ဝင်များအတွက် လိုအပ်တဲ့ ရုံးအသုံးအဆောင်စရိတ်၊ စက်သုံးဆီ၊ မှုခင်းလုပ်ငန်းဆိုင်ရာအသုံးစရိတ်၊ သင်တန်းနှင့်သင်တန်းသားစရိတ်၊ အချုပ်တရားခံ ထမင်းကျွေးစရိတ်၊ ဆက်သွယ်ရေးစက်များ၊ တယ်လီဖုန်းများ၊ စက်နှင့်စက်ပစ္စည်းအသုံးစရိတ်၊ ရဲဝတ်တန်ဆာနှင့် အနွေးထည်/ဂျာကင်များအပါအဝင် ရုံးခန်း/နေအိမ်အဆောက်အဦစသည်များကို ဘဏ္ဍာရေးခွင့်ပြုချက်များနှင့်အညီ ဦးစားပေးအစီအစဉ်ဖြင့် ခွဲဝေဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့ဖြစ်ရာ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က ထမ်းဆောင်ရတဲ့ရည်မှန်းချက်တာဝန်၊ လုပ်ငန်းသဘာဝ၊ အခြေစိုက်နေထိုင်တဲ့ အခြေအနေများ တူညီမှုမရှိတဲ့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် တပ်မတော်သားများကဲ့သို့ လစာနှုန်းထားနှင့် ခံစားခွင့်များ တူညီခံစားနိုင်မှုမရှိသော်လည်း နိုင်ငံတကာ ရဲတပ်ဖွဲ့ဝင်များကဲ့သို့ ခေတ်မီတိုးတက်စေရေးအတွက်ကို ဘဏ္ဍာရေးခွင့်ပြုချက်များနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမြို့နယ် ဆွမ္မရာမြို့နယ်ခွဲတွင် ဌာနဆိုင်ရာဝန်ထမ်းများအား ဖွဲ့စည်းပုံနှင့်အညီ ခန့်ထားပေးရန်နှင့် ရုံးအဆောက်အဦးများဆောက်လုပ်သွားရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးရှိသီး၊ လေရှီးမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးရှိသီး(လေရှီးမဲဆန္ဒနယ်)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ဂါရဝပြု

အပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိသီး ဖြစ်ပါတယ်။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမြို့နယ်များဖြစ်သော လေရှီးမြို့နယ်၊ လဟယ်မြို့နယ်၊ နန်းယွန်းမြို့နယ်များမှာ နယ်စပ်ဒေသလုံခြုံရေးနဲ့ အုပ်ချုပ်မှုယန္တရားပုံမှန်လည်ပတ်ရေးကို ဦးတည်လျက်နိုင်ငံတော်အနေဖြင့် ပန်ဆောင်မြို့နယ်ခွဲ၊ ဒုံဟီးမြို့နယ်ခွဲ၊ ထန်ပါခွေမြို့နယ်ခွဲ၊ မိုပိုင်းလွတ်မြို့နယ်ခွဲနှင့် ဆွမ္မရာမြို့နယ်ခွဲများကို ဖွင့်လှစ်ပေးထားခဲ့ပါတယ်။ ဆွမ္မရာမြို့နယ်ခွဲမှအပ အခြားမြို့နယ်ခွဲလေးခုမှာ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရုံးအဆောက်အဦများခန့်ထားဆောက်လုပ်ပြီးဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမြို့နယ်အတွင်းမှာရှိတဲ့ ဆွမ္မရာမြို့နယ်ခွဲကို ၂၇-၈-၂၀၁၂ ရက်နေ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာအတည်ပြုပေးခဲ့ပြီးဖြစ်ပါတယ်။ ၁-၄-၂၀၁၃ ရက်နေ့မှာလည်းပဲ ဆွမ္မရာမြို့နယ်ခွဲကိုစည်ကားစွာ ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ ဆွမ္မရာမြို့နယ်ခွဲမှာ ယခုလက်ရှိအခြေအနေအရ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးနဲ့ ရုံးစာရေးအချို့သာရှိပြီးတော့မှ အခြားဝန်ထမ်းများ ပြည့်စုံအောင်ခန့်ထားခြင်းမရှိသေးပါဘူး။ ထို့အတူပဲ ရုံးအဆောက်အဦဆောက်လုပ်ပေးထားခြင်း မရှိသေးတဲ့အတွက် ပုဂ္ဂလိကလူနေအိမ်တွေမှာ ယာယီရုံးဖွင့်လှစ်ပြီးတော့မှ နေထိုင်လျက်ရှိတာကိုစိစစ်တွေ့ရပါတယ်။ အဓိကအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းတို့လိုဟာမျိုး၊ အထွေထွေအုပ်ချုပ်ရေးရုံးတို့လိုဟာမျိုး၊ လဝကရုံးတို့လိုဟာမျိုးမရှိမဖြစ် လိုအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အိန္ဒိယနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးဂိတ်ကို တမူးမြို့နယ်အပြင် ဆွမ္မရာမြို့နယ်ခွဲနှင့် ပန်ဆောင်မြို့နယ်ခွဲတို့မှာ နယ်စပ်ကုန်သွယ်ရေးဂိတ်ဖွင့်လှစ်သွားရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်(၃၁/၂၀၁၃) ဆုံးဖြတ်ချက်အရ အတည်ပြုပေးခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ဆွမ္မရာမြို့နယ်ခွဲ ပန်ဆောင်မြို့နယ်ခွဲ တို့ကို အိန္ဒိယနိုင်ငံမဏိပူရပြည်နယ်နဲ့ နာဂလန်းပြည်နယ်တို့ကိုဆက်သွယ်ပြီးတော့မှ နယ်စပ်ကုန်သွယ်ရေးဂိတ်ဖွင့်ခြင်းအားဖြင့် ဒေသခံပြည်သူလူထုများ အလုပ်အကိုင်စီးပွားဖွံ့ဖြိုးတိုးတက်လာဖို့ ရည်ရွယ်ပြီးတော့မှ ဖွင့်လှစ်ပေးထားခဲ့ပါတယ်။ သို့ဖြစ်ပါ၍ နာဂဒေသလေရှီးမြို့နယ် ဆွမ္မရာမြို့နယ်ခွဲ ဖွဲ့စည်းပုံနှင့်အညီဌာနဆိုင်ရာ ဝန်ထမ်းများခန့်ထားပေးနိုင်ရေး၊ ရုံးအဆောက်အဦများဆောက်လုပ်ပေးနိုင်ရေး နယ်စပ်ကုန်သွယ်ရေးဂိတ်များ အဆင်ပြေစွာ ဖွင့်လှစ်သွားနိုင်ရေးတို့အတွက် ပြည်သူထုလုကိုယ်စားပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် ဆွမ္မရာမြို့နယ်ခွဲအတွက်

ဌာနဆိုင်ရာဝန်ထမ်းများခန့်ထားပေးခြင်း၊ ရုံးအဆောက်အဦများမြို့နယ်ဖွဲ့စည်းပုံနဲ့အညီ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

ဥက္ကဋ္ဌ။ ။ သက်ဆိုင်ရာပြည်ထောင်စုအစိုးရအဖွဲ့မှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိသီးရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့စပ်လျဉ်းပြီး ကျွန်တော်ကပဲ ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း မိမိဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ တပ်ဖွဲ့ဦးစီးဌာနများအတွက် လိုအပ်တဲ့ဝန်ထမ်းများ ဖြည့်ဆည်းပေးခြင်း၊ ရုံးအဆောက်အဦများနှင့် လူနေအိမ်ခန်းများကို ဘဏ္ဍာရေးနှစ်အလိုက် တင်ပြတောင်းခံဖြည့်ဆည်းပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရများကလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းမှာရှိတဲ့ ဌာနဆိုင်ရာအဆောက်အဦများဆောက်လုပ်ခြင်းအတွက်ကို ဘဏ္ဍာရေးနှစ်အလိုက် လျာထားဆောင်ရွက်ပေးခြင်းများကိုလည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအနေနဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာရှိတဲ့ ပန်ဆောင်မြို့နယ်ခွဲ၊ ဒုန်ဟီးမြို့နယ်ခွဲ၊ ထန်ပါခွေမြို့နယ်ခွဲနှင့် မိုပိုင်းလွတ်မြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများကို ဖွင့်လှစ်ပြီးဖြစ်လို့ နိုင်ငံတော်ဘဏ္ဍာငွေမှ ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုအစီအစဉ်က ခွဲဝေရရှိမှုဖြင့် ရုံးအဆောက်အဦများကိုဆောက်လုပ်ခဲ့ပြီးဖြစ်ပါတယ်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမြို့နယ်၊ ဆွမ္မရာမြို့နယ်ခွဲအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးကို ဆွမ္မရာမြို့ရပ်ကွက်အုပ်ချုပ်ရေးမှူးအပါအဝင် ဝန်ထမ်းခြောက်ဦးဖြင့် ခန့်ထားဆောင်ရွက်လျက်ရှိပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုအစီအစဉ်မှာ ဆွမ္မရာမြို့နယ်ခွဲအုပ်ချုပ်ရေးမှူးရဲ့ နေအိမ်အတွက် ကျပ်သန်း ၂၃.၂၅၀ နဲ့ လေးခန်းတွဲဝန်ထမ်းအိမ်ရာဆောက်လုပ်ရန်အတွက် ကျပ်သန်း ၇၉.၀၅၀ တို့ကိုခွဲဝေလျာထားပြီးဖြစ်ကြောင်းသိရှိရပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဆွမ္မရာမြို့နယ်ခွဲမှာ မြို့နယ်ရဲစခန်းတစ်ခုရှိပြီး ဖွဲ့စည်းပုံအရအရာရှိရှစ်ဦး၊ အခြားအဆင့် ၃၇ ဦး ပေါင်း ၄၅ ဦးရှိရာလက်ရှိတပ်ဖွဲ့ဝင်အင်အားမှာ အရာရှိတစ်ဦး၊ အခြားအဆင့် ၁၁ ဦး စုစုပေါင်းရဲတပ်ဖွဲ့ဝင် ၁၂ ဦးဖြင့်သာ တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ဆွမ္မရာမြို့နယ်ခွဲ ရဲစခန်းမှာ လက်ရှိလူနေအဆောက်အဦ ၁၅ ပေ x ၉ ပေ သွပ်မိုး/သွပ်ကာတစ်လုံး၊ ၇ပေ x

၁၂ ပေ သက်ငယ်မိုးမြေစိုက်တဲနှစ်လုံးနဲ့ ၈ပေ x ၁၆ ပေ မြေစိုက်တဲတစ်လုံးအပါအဝင် စုစုပေါင်း အဆောက်အဦ ၁၅ လုံးဆောက်လုပ်ထားရှိပြီးဖြစ်ပါတယ်။ အဆိုပါရဲစခန်းအတွက် ဖွဲ့စည်းပုံအရ ထပ်မံဖြည့်တင်းရမယ့်တပ်ဖွဲ့ဝင်များအတွက် လူနေအဆောက်အဦများနဲ့ ရဲစခန်းရုံးများကို ထပ်မံလိုအပ်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တပ်ဖွဲ့များအသစ်ဖွဲ့စည်းခြင်း၊ တိုးချဲ့ဖွဲ့စည်းခြင်းနဲ့ ပြင်ဆင်ဖွဲ့စည်းခြင်းများပြုလုပ်လျက်ရှိရာလိုအပ်သည့် လူနေအဆောက်အဦများနဲ့ ရဲစခန်းရုံးများဆောက်လုပ်နိုင်ရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် ဦးစားပေးအစီအစဉ်ဖြင့် ထည့်သွင်းရေးဆွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လေရှီးမြို့နယ်၊ ဆွမ္မရာမြို့နယ်ခွဲလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနအနေဖြင့် ဝန်ထမ်းဖွဲ့စည်းပုံအရ ၁၀ ဦးရှိရာလက်ရှိခန့်ထားသည့် ဝန်ထမ်းငါးဦးရှိပြီးသုံးပုံနှစ်ပုံအင်အားအရ လဝကမှူး(မြို့နယ်ခွဲမှူး)တစ်ဦးသာ လိုအပ်လျက်ရှိပါတယ်။ ယခုအခါမှာ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းအောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် တာဝန်ပေးဆောင်ရွက်လျက်ရှိရာ သတ်မှတ်ကာလပြီးဆုံးချိန်မှာ လစ်လပ်နေတဲ့နေရာများကိုဖြည့်ဆည်းတာဝန်ချထားရန် လျာထားလျက်ရှိပါတယ်။ လိုအပ်သော ရုံးအဆောက်အဦနှင့်ပတ်သက်လို့ ဆွမ္မရာမြို့နယ်ခွဲထက်စော၍ ဖွင့်လှစ်ခဲ့သော အဆောက်အဦဆောက်လုပ်နိုင်ခြင်းမရှိသေးတဲ့ ရုံးများရှိနေတဲ့အတွက် အဆိုပါရုံးများကို ဦးစားပေးဆောက်လုပ်လျက်ရှိပါတယ်။ နှစ်စဉ် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုမှာ နှစ်ရုံးနှုန်းဖြင့်တင်ပြတောင်းခံခဲ့ရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်ရုံးနဲ့ ကောလင်းမြို့နယ်ရုံးတို့က လူဦးရေများပြားခြင်း၊ မှတ်တမ်းများစနစ်တကျထိန်းသိမ်းရန် လိုအပ်ခြင်းတို့ကြောင့် ဦးစားပေးတင်ပြဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ဆွမ္မရာမြို့နယ်ခွဲရုံးကိုလည်း ဘဏ္ဍာရန်ပုံငွေခွဲဝေရရှိမှုပေါ်မူတည်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ တင်ပြချက်အရသိရှိရပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**တမူးမြို့ ဘောလုံးကွင်းအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းနှင့် အားကစားအရာရှိနေအိမ်တည်ဆောက်ပေးရေးကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ရွှေ၊ တမူးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များအားလုံး၊ လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါ

စေကြောင်း ဆုမွန်ကောင်းတောင်းရင်း လေးစားစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် တမူးမြို့ရဲ့ အားကစားဆိုင်ရာလုပ်ငန်းများကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို မေးမြန်းရတဲ့အကြောင်းအရင်းကို ကျွန်တော် အနည်းငယ်တင်ပြလိုပါတယ်။ ယခင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် လုံခြုံရေးကောင်စီလက်ထက်က ကျွန်တော်တို့ အားကစားဝန်ကြီး သူရဦးအေးမြင့် တမူးမြို့ကို ရောက်ရှိပြီးတော့မှ ဒီအားကစားကွင်းများကို လိုက်လံစစ်ဆေးကြည့်ရှုတဲ့အခါမှာ ကျွန်တော်တို့ မြို့နယ်က ပြည်သူများရဲ့ တင်ပြချက်အရ တမူးမြို့မှာရှိတဲ့ အားကစားကွင်းရဲ့ ဘောလုံးကွင်းကို သံဇကာကာရံခြင်း၊ အားကစားအရာရှိအိမ်မရှိတဲ့အတွက် အားကစားအရာရှိအိမ် ဆောက်လုပ်ခြင်းနဲ့ တမူးအားကစားခန်းမပျက်စီးနေတာများကို ပြင်ဆင်ရေးအတွက်တင်ပြခဲ့ရာ ဒါကို ဆောင်ရွက်ပေးမယ့်အကြောင်း တင်ပြခဲ့တဲ့အတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်လျာထားချက်မှာလည်း ပါဝင်လျက်ပါပဲ။ သို့သော်လည်းပဲ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲရှိတဲ့အတွက် ဒီလျာထားချက်ကိုလည်းပဲ ပယ်ဖျက်ခဲ့ပါတယ်။ အလားတူ ၂၀၁၂-၂၀၁၃ အားကစားဝန်ကြီးဌာနရဲ့ ဘဏ္ဍာရေးလျာထားချက်မှာလည်းပဲ ပါဝင်ခဲ့ပါတယ်။ ကျွန်တော်တို့နဲ့ အလားတူ နီးစပ်လျက်ရှိတဲ့ ကလေးမြို့မှာလည်းပဲ အားကစားရုံရဲ့စင်မြင့်များပြင်ဆင်ရေးအတွက်လည်းပဲ အဲ့ဒီအချိန်တုန်းက တစ်ပါတည်းတင်ပြခဲ့ကြတာဖြစ်ပါတယ်။ သို့သော်လည်းပဲ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲပြီးဆုံးတဲ့အချိန်ကျမှသာလျှင် လွှတ်တော်မှာ အားကစားဆိုင်ရာမေးခွန်းများကိုမေးတဲ့အခါမှာ အားကစားရေးရာဝန်ကြီးက ဒီအရှေ့တောင်အာရှအားကစားပြိုင်ပွဲပြီးဆုံးတဲ့အချိန်မှာပဲ ဒါတွေကို စဉ်းစားပေးမယ်လို့တင်ပြခဲ့ပါတယ်။ ဒါကြောင့်မို့လို့ အဲ့ဒီတုန်းက တင်ပြခဲ့တဲ့အချက်အပေါ် မူတည်ပြီးတော့မှ ကျွန်တော့်အနေဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ၂၀၁၁-၂၀၁၂၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ လျာထားခဲ့ပြီးတော့မှ အမှန်တကယ်ဆောင်ရွက်ခြင်းမရှိခဲ့ရသေးတဲ့ တမူးမြို့ဘောလုံးကွင်းအား သံဇကာကာရံခြင်း၊ ပျက်စီးနေပြီဖြစ်တဲ့ တမူးအားကစားခန်းမ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းနှင့် အားကစားအရာရှိနေအိမ်များ ဆောက်လုပ်ပေးရေးလုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မည်သို့စီမံဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

ဥက္ကဋ္ဌ။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန-၁ မှ ဒုတိယဝန်ကြီး ဦးသန့်ရှင်းဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ မေးမြန်းသည့်မေးခွန်းနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ဖြေကြားချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင် တမူးမြို့ဘောလုံးကွင်းအားအတွင်းခြံစည်းရိုးကာရံခြင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါသည်။ တမူးအားကစားရုံနှစ်ထပ်လျှာထိုး ကြမ်းခင်းခြင်းလုပ်ငန်းနှင့် အားကစားအရာရှိ နေအိမ်တည်ဆောက်ပေးရေးလုပ်ငန်းအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအစိုးရသို့ ထည့်သွင်းလျာထားတင်ပြသွားမည်ဖြစ်ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ခန္တီးမြို့နယ်အား အထူးဖွံ့ဖြိုးရေးဒေသတွင် ထည့်သွင်းလျက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း။**

ဥက္ကဋ္ဌ။ ။ ဦးလှထွန်း၊ ခန္တီးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလှထွန်း(ခန္တီးမဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေသဖွံ့ဖြိုးရေးနဲ့ပတ်သက်လို့ မေးခွန်းတစ်ခုကို ဥက္ကဋ္ဌကြီးမှတဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ခန္တီးမြို့ဟာ ခရိုင်မြို့တစ်မြို့ဖြစ်ပါတယ်။ အရှေ့ဘက်မှာ ဖားကန့်မြို့နယ်၊ အနောက်ဘက်မှာ အိန္ဒိယနိုင်ငံနှင့် လဟယ်မြို့နယ်၊ တောင်ဘက်မှာ ဟုမ္မလင်းမြို့နယ်နှင့် လေရှီးမြို့နယ်၊ မြောက်ဘက်မှာတော့ နန်းယွန်းမြို့နယ်၊ တနိုင်းမြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ အထင်ကရတောင်ထွတ်တစ်ခုဖြစ်တဲ့ ၁၂၅၅၃ ပေမြင့်တဲ့ စာရာ

မေတိတောင်ဟာခန္တီးမြို့နယ်ထဲမှာ ပါဝင်တာတွေ့ရပါတယ်။ ကျွန်တော်ဟာ ၂၀၀၅ ခုနှစ်မှာ ခန္တီးခရိုင်ကိုပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့် မရရှိခင်တုန်းကတော့ ခန္တီးမြို့ဟာ ခရိုင်မြို့ဖြစ်တဲ့အတွက်ကြောင့် အဘက်ဘက်ကပြည့်စုံဖွံ့ဖြိုးတိုးတက်ပြီလို့ သုံးသပ်ခဲ့ရပါတယ်။ သို့ရာတွင် ၂၆ ခုနှစ် စာရာမေတိတောင်ခြေမှာရှိတဲ့ တောင်ပေါ်ကျေးရွာတွေကိုသွားတဲ့အခါမှာ စကားပြန်ကို ခန္တီးကနေ တစ်ပါတည်းခေါ်သွားရပါတယ်။ တောင်ပေါ်မှာရှိတဲ့ ကျေးရွာအုပ်စုခြောက်အုပ်စု၊ ကျေးရွာ ၂၈ ရွာ နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိဘူး ဆိုတဲ့အတွက်ကြောင့် ၁၉၉၀ ခုနှစ်အထိ သူတို့တတွေဟာ တစ်ကြိမ်တစ်ခါမှမဲမပေးခဲ့ရတဲ့ အနေအထားကိုလည်းတွေ့ခဲ့ရပါတယ်။ နောက်တစ်ခုကတော့ အဲဒီကျေးရွာ ၂၈ ရွာမှာ ယနေ့ထိ ၁၀ တန်းအောင်တဲ့သူ ၁၀ ယောက်တောင်မပြည့်သေးတဲ့ အနေအထားကိုတွေ့ရပါတယ်။ အဓိကအခြေအနေကို ပြန်လည်သုံးသပ်တဲ့အခါမှာ ထမံသီရေအားလျှပ်စစ်စီမံကိန်း စတင်တိုင်းတာတဲ့ ၁၉၆၂ ခုနှစ်ကနေစပြီး ခန္တီးမြို့နယ်ဟာ တစ်နေ့ကျရင်ရေဝပ်ဧရိယာမှာရောက်သွားမယ်ဆိုပြီး ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်ခြင်းဟာ လွန်စွာမှအားနည်းခဲ့တာကိုတွေ့ရပါတယ်။ ဟုမ္မလင်းမြို့နယ်မှာရှိတဲ့ ကျေးရွာတွေ မြစ်ကမ်းဘေးကျေးရွာနဲ့ ခန္တီးမြို့နယ်မှာရှိတဲ့ ချင်းတွင်းမြစ် မြစ်ကမ်းဘေးကျေးရွာတွေကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင်လည်း ခန္တီးမြို့နယ်ကရွာတွေဟာ တော်တော့်ကို ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေပါတယ်။ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်မှာရှိတဲ့ တောင်ပေါ်ကျေးရွာတွေနဲ့ ခန္တီးမြို့နယ်မှာရှိတဲ့ တောင်ပေါ်ကျေးရွာတွေကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင်လည်း ခန္တီးမြို့နယ်မှာရှိတဲ့ တောင်ပေါ်ကျေးရွာတွေဟာ ဖော်ပြပါတောင်ပေါ်မြို့နယ်တွေမှာရှိတဲ့ ကျေးရွာတွေထက်လွန်စွာမှ ဖွံ့ဖြိုးတိုးတက်မှုနည်းနေတာကိုတွေ့ရပါတယ်။ လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ယခင် တပ်မတော်အစိုးရလက်ထက် ၂၀၁၀ ပြည့်နှစ်မှာ လဟယ်မြို့နယ်ရဲ့ အရှေ့တောင်ဘက်ခြမ်းမှာရှိတဲ့ ထန်ပါခွေရွာကို မြို့နယ်ခွဲအဖြစ်တိုးချဲ့ဖွင့်လှစ်လိုက်တဲ့အတွက်ကြောင့် ဆင်သေ-လဟယ် ၁၈ မိုင်ကနေ ထန်ပါခွေမြို့နယ်ကို ကားလမ်းဖောက်လိုက်တဲ့အတွက်ကြောင့် ယခုအခါမှာတော့ ကျန်းမာရေးဌာနဝန်ထမ်းတွေ၊ ပညာရေးဌာနဝန်ထမ်းတွေ သွားရောက်တာဝန်ထမ်းဆောင်နိုင်ပြီဖြစ်ပါတယ်။ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကိုလည်း နယ်စပ်ရေးရာဝန်ကြီးဌာနကနေပြီးတော့ ထည့်သွင်းပြီး ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေတာတွေ့ရတဲ့အတွက်ကြောင့်မို့လို့ ဒေသခံပြည်သူလူထုရဲ့ကိုယ်စားများစွာ နိုင်ငံတော်ကို ကျေးဇူးတင်ရှိကြောင်း တင်ပြလိုပါတယ်။ သို့ရာတွင် အထက်ကဖော်ပြခဲ့တဲ့အတိုင်း အဘက်ဘက်ကဖွံ့ဖြိုးတိုးတက်မှု များစွာနောက်ကျနေသေးတဲ့ ခန္တီးမြို့နယ်ကို အထူးဖွံ့ဖြိုးရေးအစီအစဉ်ထဲမှာ ထည့်သွင်းပြီးတော့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(သမ္မတရုံးဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)။** ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်ဦးလှထွန်း မေးမြန်းသည့် မေးခွန်းနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ကိုယ်စား ကျွန်တော်မှ ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်တာဝန်အား ယခင်က တပ်မတော်အစိုးရ တာဝန်ယူချိန်တွင် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်လျက် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစီမံကိန်းကို အထူးဒေသကြီး ၁၈ ခု၊ မြို့နယ် ၆၈ မြို့နယ်ဖြင့် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ခန္တီးမြို့နယ်သည် စီမံကိန်းဝင်မြို့နယ် ၆၈ မြို့နယ်တွင်ပါဝင်သော မြို့နယ်တစ်ခုဖြစ်ပါတယ်။ ၁၉၈၉ ခုနှစ်မှစတင်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာတွင် ခန္တီးမြို့နယ်အား အထူးဦးစားပေးမြို့နယ်စာရင်းဝင်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင်လည်း နယ်စပ်ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်းကို အထူးဒေသကြီး ၁၉ ခု၊ မြို့နယ်ပေါင်း ၇၃ မြို့နယ်အထိ တိုးချဲ့၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် ခန္တီးခရိုင်၊ ခန္တီးမြို့နယ် သည် နယ်စပ်ဒေသဖွံ့ဖြိုးရေးအကျုံးဝင်သော မြို့နယ်တစ်ခုအဖြစ် ဆက်လက် သတ်မှတ်အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်နယ်ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးမှူးရုံး(ခန္တီး)ကို ဖွင့်လှစ်၍ ၄င်းရုံးတွင် ဒုတိယညွှန်ကြားရေးမှူးတစ်ဦးဦးစီးလျက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စိစစ်ဆောင် ရွက်လျက်ရှိပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းကိုလည်း ၁၉၉၈ ခုနှစ်၊ မေလ ၄ ရက်နေ့တွင် စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ ယခင်အစိုးရလက်ထက် ၁၉၉၀-၁၉၉၁ ဘဏ္ဍာရေးနှစ်မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်ထိ ခန္တီးမြို့နယ်တွင် လမ်းတံတားလုပ်ငန်းကဏ္ဍ၌ ငွေကျပ် ၉၃၅ သိန်း၊ ပညာရေးလုပ်ငန်းကဏ္ဍ၌ ငွေကျပ် ၂၉၉.၉၄ သိန်း၊ ကျန်းမာရေးကဏ္ဍ၌ ငွေကျပ် ၄၅ သိန်း၊ သောက်သုံးရေရရှိရေးလုပ်ငန်းကဏ္ဍ၌ ငွေကျပ် ၆၂ သိန်း၊ သာသနာရေးလုပ်ငန်း၌ ငွေကျပ် ၈၃.၇၃

သိန်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်း၌ ငွေကျပ် ၂၈ သိန်း၊ စွမ်းအင်လုပ်ငန်းကဏ္ဍ၌ ငွေကျပ် ၅၀ သိန်း စုစုပေါင်းငွေကျပ် ၁၅၀၃.၆၆ သိန်းသုံးစွဲလျက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါတယ်။ မိမိတို့ အစိုးရသစ်လက်ထက်တွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းကို ဆက်လက်ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ အမျိုးသမီးအိမ်တွင်းမှုအသက်မွေးလုပ်ငန်းပညာသင်ကျောင်းကို ၉-၅-၂၀၁၁ ရက်နေ့တွင် ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးခဲ့ပါတယ်။ လမ်းတံတားလုပ်ငန်းကဏ္ဍ၌လည်း ငွေကျပ် ၃၀၃.၇၅ သိန်း သုံးစွဲဆောင်ရွက်ပေးခဲ့ပါတယ်။ အလားတူ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင်လည်း လမ်းတံတားလုပ်ငန်းကဏ္ဍ၌ ငွေကျပ် ၂၄၀ သိန်းသုံးစွဲဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် လမ်းတံတားလုပ်ငန်းလေးခု ငွေကျပ် ၃၆၃၀ သိန်း၊ ပညာရေးလုပ်ငန်း ကိုးခု ငွေကျပ် ၅၆၆ သိန်း၊ ကျန်းမာရေးလုပ်ငန်း သုံးခု ငွေကျပ် ၂၂၅ သိန်း၊ သောက်သုံးရေရရှိရေးလုပ်ငန်းရှစ်ခု ငွေကျပ် ၁၈၀၀ သိန်း၊ သာသနာရေးလုပ်ငန်းတစ်ခု ငွေကျပ် ၃၀ သိန်း၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းတစ်ခု ငွေကျပ် ၆၅၀ သိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ စုစုပေါင်းကျပ် ၆၉၀၁ သိန်းခွင့်ပြုချထားပေးခဲ့ပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်လည်း လမ်းတံတားလုပ်ငန်းကဏ္ဍ၌ ငွေကျပ် ၃၈၀ သိန်း၊ သောက်သုံးရေရရှိရေးလုပ်ငန်းကဏ္ဍ၌ ငွေကျပ် ၈၂၅ သိန်း၊ စွမ်းအင်လုပ်ငန်း ကဏ္ဍတွင် ရေအားလျှပ်စစ်လုပ်ငန်း၌ ငွေကျပ် ၉၀၀ သိန်း၊ ဆိုလာစနစ်ဖြင့် ငွေကျပ် ၅၆၀၇.၉ သိန်း စုစုပေါင်းငွေကျပ် ၇၇၁၂.၉ သိန်းအဆိုပြုလျာထားပြီး ခန္တီးမြို့နယ်အား အထူးဒေသအဖြစ်သတ်မှတ်လျက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက်၍ဆောင်ရွက်လျက်ရှိပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မင်္ဂလာဒုံမြို့နယ်၊ ခရေပင်လမ်းဆုံမှ အမှတ်(၃)လမ်းမတစ်လျှောက် လမ်းဘေးဝဲယာရှိ ဆိုင်ခန်းများအားဖယ်ရှားပေးရန်နှင့် လမ်းဘေးဝဲယာတွင် လူသွားလမ်း ပလက်ဖောင်းပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဦးတင်မောင်ဝင်း မင်္ဂလာဒုံမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်မောင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း

ဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် ခရေပင်လမ်းဟာ ခရေပင်လမ်းဆုံကနေပြီးတော့ အမှတ်(၃)လမ်းမဆုံအထိကို တစ်မိုင်ကျော်ခန့်ရှိပါတယ်။ အဲ့ဒီလမ်းမတစ်လျှောက်မှာ ဆိုင်ခန်းများကို အခိုင်အမာကျူးကျော်ပြီးတော့ ချဲ့ထွင်ပြီးဆောက်ထားတဲ့အတွက်ကြောင့်မို့လို့ ခရီးသွားများဟာ ကွန်ကရစ်လမ်းမကြီးပေါ်ကနေပြီးတော့ သွားနေရပါတယ်။ မကြာခဏ ဆိုသလိုပဲ ယာဉ်တိုက်မှုများဖြစ်ပြီး လူများသေဆုံးလျက်ရှိပါတယ်။

မင်္ဂလာဒုံမြို့နယ် ရဲစခန်းရဲ့မှတ်တမ်းအရ တစ်နှစ်တာအတွင်းမှာပဲ ယာဉ်တိုက်မှုပေါင်း ၁၂၀ ကျော် ဖြစ်ခဲ့ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ပြည်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းများမေးမြန်းအပ်ပါတယ်။ လမ်းဘေးဝဲ/ယာတွင် လူသွားလမ်းပလက်ဖောင်းပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်နှင့် လမ်းဘေးဝဲ/ယာရှိဆိုင်ခန်းများမှာ လမ်းပိုင်မြေပေါ်တွင် တိုးချဲ့ဆောက်လုပ်ထားမှုများအား ဖယ်ရှားပေးရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း မေးမြန်းသည့် မေးခွန်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး၊ အစိုးရအဖွဲ့ကိုယ်စား ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်လမ်း(ခရေပင်လမ်းဆုံမှ အမှတ်(၃)လမ်းအထိ) မူလလမ်းဟောင်းမှာ အကျယ် ၄၄ ပေရှိပြီး လမ်းသားပျက်စီးမှုများပြားခြင်း၊ ယာဉ်သွားလာမှုများပြားခြင်းတို့ကြောင့် အကျယ် ၆၀ ပေအထိတိုးချဲ့၍ ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ပါတယ်။ ပြည်လမ်းမ၊ ခရေပင်လမ်းဆုံနှင့် ရထားသံလမ်းများအပိုင်းမှာ လူသွားလူလာများပြားသည့်အပိုင်းဖြစ်ပြီး ပေအရှည် ၄၃၀၀ ခန့်ရှိပါတယ်။ ၎င်းအပိုင်းအား အကျယ်ပေ ၆၀ အထိ ကွန်ကရစ်ဖြင့် လမ်းသားတိုးချဲ့ဆောင်ရွက်ပြီး လမ်းပခုံးသား မြေသားကပ်ခြင်း လုပ်ငန်းကိုလည်း တစ်ပါတည်း

ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ၎င်းလမ်းပခုံးသားပေါ်တွင် အများပြည်သူသွားလာလျက်ရှိပါတယ်။ ရထားလမ်းနှင့် အမှတ်(၃) လမ်းဆုံကြားအပိုင်းမှာ ပေအရှည် ၃၈၀၀ ပေခန့်ရှိပြီး လမ်းဘေးတွင် လူနေအိမ်မရှိဘဲ စိုက်ခင်းနှင့်တာဘောင်များသာရှိသောကြောင့် လူသွားလာမှုနည်းပါးသည့်အပိုင်း ဖြစ်ပါတယ်။ ထို့ကြောင့် မင်္ဂလာဒုံမြို့နယ်၊ ခရေပင်လမ်းအား လက်ရှိအခြေအနေတွင် စကြံ်ဆောင်ရွက်ပေးရန် အစီအစဉ်မရှိကြောင်း ဖြေကြားအပ်ပါတယ်။

ခရေပင်လမ်း(ခရေပင်လမ်းဆုံမှ အမှတ်(၃)လမ်းမအထိ) လမ်းဘေးဝဲ/ယာတွင် ဖွင့်လှစ်ထားသည့် ဆိုင်ခန်းစုစုပေါင်း ၇၂ ဆိုင်ရှိပြီး ၎င်းဆိုင်များအနက် ၂၃ ဆိုင်မှာ လမ်းနယ်အတွင်းသို့ တိုးချဲ့ထားကြောင်း တွေ့ရှိရပါတယ်။ အဆိုပါဆိုင်များအနက် အိမ်အမှတ် (၁၄၈) မှ လမ်းနယ်အတွင်းသို့ တိုးချဲ့ဆောက်လုပ်ထားသောဆိုင်ခန်းအား ၃၀-၁၀-၂၀၁၃ ရက်နေ့တွင် ပုဒ်မ ၆၈ ဖြင့် တရားစွဲဆိုခဲ့ရာ ဒဏ်ငွေကျပ် ၅၀၀၀၀ ချမှတ်ပေးဆောင်စေခဲ့ပြီးဖြစ်သော်လည်း ဖျက်သိမ်းခြင်းမရှိသေးတဲ့အတွက် ၁၀-၁၂-၂၀၁၃ ရက်နေ့တွင် ပုဒ်မ ၆၉ ဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိပြီး ကျန်ဆိုင်ခန်းများအား ဖျက်သိမ်းရန်အတွက် မြို့နယ်စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူးရုံးမှ ၅-၁-၂၀၁၄ ရက်နေ့တွင် အကြောင်းကြားစာပေးပို့ထားပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ခရေပင်လမ်း(ခရေပင်လမ်းဆုံမှ အမှတ်(၃)လမ်းမအထိ) လမ်းဘေးဝဲ/ယာတွင် ယာယီအားဖြင့် လူသွားလမ်းပလက်ဖောင်း ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် လမ်းဘေးဝဲ/ယာရှိ ဆိုင်ခန်းများထဲမှ လမ်းနယ်အတွင်းတိုးချဲ့ထားသည့် ဆိုင်ခန်းများဖယ်ရှားရေးဆောင်ရွက်လျက်ရှိပြီး ဖယ်ရှားရှင်းလင်းခြင်းမရှိပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးအောင်စိုး၊ လောင်းလုံးမဲဆန္ဒနယ်မှတင်သွင်းသော တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ပုလုံးတုံတုံးကျေးရွာ ပြည်သူလူထုနှင့် တွေ့ဆုံစဉ်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သစ်ရာကောက်ကျေးရွာမှ ဒေသခံများနှင့်တွေ့ဆုံစဉ်တို့တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၏ ပြောကြားချက်များနှင့်စပ်လျဉ်း၍ အမြန်ဆုံးတာဝန်ယူဖြေရှင်းဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၆၃ အရ အရေးတကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန် ဦးအောင်စိုး၊ လောင်းလုံး မဲဆန္ဒနယ်က ဥက္ကဋ္ဌထံ စာဖြင့်ရေးသားလက်မှတ်ရေးထိုးပြီး အဆိုတစ်ရပ်တင်ပြလာပါတယ်။ အဆိုမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ် ပုလုံးတုံတုံးကျေးရွာ ပြည်သူလူထုနှင့်တွေ့ဆုံစဉ်၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ် သစ်ရာကောက်ကျေးရွာမှ ဒေသခံများနှင့်တွေ့ဆုံစဉ်တို့တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၏ ပြောကြားချက်နှင့်စပ်လျဉ်း၍ အမြန်ဆုံးတာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးရန် အဆိုဖြစ်ပါတယ်။ ဤအဆိုကို လောင်းလုံးမဲဆန္ဒနယ်မှ ဦးအောင်စိုးတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်စိုး(လောင်းလုံးမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနဲ့ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်ဂါရဝပြုပါရစေခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်း ဒေသကြီး လောင်းလုံးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးဖြစ်ပါတယ်။ ဒီကနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ အရေးတကြီးအဆိုကို တင်ခွင့်ပြုခဲ့တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးကို ကျွန်တော့်အနေနဲ့ရော၊ နိုင်ငံတော်နဲ့ နိုင်ငံသားများအနေနဲ့ရော အထူးကျေးဇူးတင်မိပါကြောင်း ကျွန်တော် ပဏာမပြောကြားပါရစေခင်ဗျား။ ဒီကနေ့ တင်သွင်းမယ့်အရေးကြီးအဆိုကို ကျွန်တော် မနေ့က လွှတ်တော်မစတင်မီ တင်သွင်းခဲ့ပါတယ်။ လွှတ်တော်အချိန်မရတဲ့အတွက် ဒီကနေ့မှ တင်သွင်း ရခြင်း ဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အခုတင်ပြမယ့် အရေးတကြီးအဆို ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်ရဲ့ကိစ္စပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များလည်း ကြားသိပြီးဖြစ်ပါ လိမ့်မယ်။ ကျွန်တော် တင်ပြချင်တာကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ် ပုလုံးတုံတုံးကျေးရွာ ပြည်သူလူထုနဲ့ တွေ့ဆုံစဉ်ကလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သစ်ရာကောက်ကျေးရွာ ဒေသခံများနဲ့တွေ့ဆုံစဉ်ကလည်းကောင်း ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်ရဲ့ ပြောကြားချက်များနဲ့စပ်လျဉ်းပြီး အမြန်ဆုံးတာဝန်ယူဖြေရှင်းပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုတင်သွင်းမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်ဟာ ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့မှာ

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ် ပုလုံးတုံတုံးကျေးရွာ ပြည်သူလူထုနဲ့ တွေ့ဆုံစဉ်မှာ ကျေးရွာအဝင်လမ်းကို ကျောက်ခင်းလမ်းကြမ်းခင်းပေးပို့ ပြောဆိုရာမှာ ဒေသခံပြည်သူတစ်ဦးမှ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးဟာ မိုးများတဲ့အတွက် ကျောက်ခင်းလမ်းဟာ မကြာခဏ ပြန်လည်ပျက်စီးတဲ့အတွက် ကွန်ကရစ်လမ်းခင်းပေးဖို့ တောင်းဆိုရာမှာ ပြည်ထောင်စုဝန်ကြီးမှ ယခင် အစိုးရမှာလည်း ငါပါတယ်။ ဒီအစိုးရမှာလည်း ငါပါတယ်။ ဘာမှထော်လော်ကန့်လန့်မလုပ်နဲ့ ပါးရိုက် ခံရမယ်။ မကျေနပ်ရင် ကြိုက်တဲ့မီဒီယာတင်နိုင်တယ်။ နောက်ထပ်မကျေနပ်သေးရင် တောခိုနိုင်တယ် လို့ပြောကြားသွားခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး တာဝန်နဲ့ ကော့သောင်းမြို့ကို ရောက်ရှိနေတဲ့အချိန်ဖြစ်တဲ့အတွက် ဒေသခံပြည်သူများဟာ ကျွန်တော့် ကိုလာရောက်တင်ပြခဲ့ကြပါတယ်။ အဲဒီအကြောင်းအရာကို ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးရဲ့ အပတ်စဉ်ထုတ်ဂျာနယ် အတွဲ(၁) အမှတ်(၂၄) နိုဝင်ဘာလ ၄ ရက်နေ့မှာထုတ်တဲ့ အပတ်စဉ်ဂျာနယ်မှာ ပြည်သူကို တောခိုခိုင်းသော ပြည်ထောင်စုဝန်ကြီးဆိုပြီးတော့ ကျွန်တော်တို့ ဆောင်းပါးပါရှိပါတယ်။ လေ့လာဖတ်ရှုနိုင်ပါတယ်။ ထို့အတူ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့ကလည်း မကွေးတိုင်း ဒေသကြီး/ မကွေးမြို့နယ် သစ်ရာကောက်ကျေးရွာ ဒေသခံပြည်သူများနဲ့ တွေ့ဆုံစဉ်မှာ အောက်ပါ စကားများကို ပြောကြားခဲ့သည်ဟုလည်း သိရှိရပါတယ်။ ဝန်ကြီးပြောစကားများကို ကောက်နှုတ်ဖော်ပြ ရမယ်ဆိုရင် ဘာနိုင်ငံရေးသမားကိုမှ ဂရုမစိုက်ဘူး။ ဗိုလ်ချုပ်အုန်းမြင့်ဆိုပြီး နယ်တကာလှည့်ပြီး ပါးရိုက်ခဲ့တာကွ ဆိုပြီးတော့ မိန့်ခွန်းပြောလာပါတယ်။ ကျွန်တော်ပြောတာ ဘယ်နိုင်ငံရေးပါတီမှလည်း မကြောက်ဘူးဟုလည်းကောင်း၊ နိုင်ငံရေးစကားဆိုတာ တက်နေတဲ့အစိုးရပေါ်မှာ စော်ကားတဲ့ကောင် တွယ်မှာပဲ ပါးစပ်နဲ့တွယ်လို့မရရင် အချုပ်ထဲထည့်မှာပဲ နိုင်ငံတကာမှာ ဒီလိုပဲကျင့်သုံးနေတယ်။ အစိုးရ ကိုဆန့်ကျင်တဲ့ကောင်ဆိုရင် မင်းအချုပ်ထဲသွားနေ ငါတို့အစိုးရထွက်ရင် မင်းထွက် ဒါပဲ။ အဲဒါမင်းတို့ တရားဝင်ဘောင်ထဲက ပြောနိုင်တဲ့ကောင်တွေပြော၊ ပြောခွင့်ရှိတဲ့အတွက် ကျွန်တော်ပြောတယ်။ ကျွန်တော်တို့ခါးကြားမှာ သေနတ်ထိုးပြီးတော့၊ ပုခုံးပေါ်မှာ သေနတ်လွယ်ပြီး အုပ်ချုပ်ခဲ့တာတွေဟာ ဘာမှမတိုးတက်ဘူးပြော၊ သောက်ရူးတွေပြောနေတာ၊ သောက်ရူးတွေပြောနေတာမယုံနဲ့လည်းကောင်း ဆိုပြီးဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြီး လက်ရှိအစိုးရအပေါ် စေတနာပျက်အောင် မလုပ်ရန်နှင့်၊ ဘုကန့်လန့်မလုပ်ရန် ဒေသခံရွာသားများကိုမှာကြားသွားပြီး ယင်းသို့လုပ်ဆောင်ပါက ငွေကြေးအထောက်အပံ့လုံးဝပေးမည်မဟုတ်ကြောင်း ပြောကြားသွားခဲ့ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါတွေဟာ ပြည်ထောင်စုဝန်ကြီးပြောသွားတာတွေထဲက တစ်စိတ်တစ်ပိုင်းဖြစ်ပါတယ်။ အပြည့်အစုံမှာ ယခုအပတ်ထုတ် Unity ဂျာနယ်မှာ ပါပါတယ်။ ဝန်ကြီးပြောသွားတဲ့ပြောစကားတွေကို ခြုံငုံပြီးကောက်ချက်ဆွဲရမယ်ဆိုရင် နံပါတ်(၁) နိုင်ငံရေးပါတီနဲ့ နိုင်ငံရေးသမားတွေကို စော်ကားတဲ့အချက်၊ နံပါတ်(၂) ပြည်သူလူထုကိုခြိမ်းခြောက်တဲ့အချက် စတဲ့ အချက်(၂)ချက်ကို တွေ့ရပါတယ်။ ဒီပြောကြားချက်ဟာ အုပ်ချုပ်ရေးတာဝန်ရှိသူတစ်ဦးရဲ့ ပြောကြား ချက်ဖြစ်တဲ့အတွက် အံ့ဩတုန်လှုပ်ရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတောင် အံ့ဩတုန်လှုပ် ရရင် တောသူတောင်သား ရိုးသားတဲ့ပြည်သူတွေဆိုရင် ဘယ်လောက်ကြောက်မလဲတွေးမိပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ၃ နှစ်သားပြည့်ကာစ လွှတ်တော်ကြီးဟာ ပြည်သူတွေရဲ့ အသံ ပြည်သူတွေရဲ့ဆန္ဒကို အကောင်အထည်ဖော်ဆောင်ရွက်နေတာ အတော်အသင့်လုပ်နိုင်ခဲ့ပြီး ဆက်လုပ်စရာတွေကျန်သေးတယ်ဆိုတာ ဥက္ကဋ္ဌကြီးမိန့်ကြားခဲ့ပါတယ်။ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ ဝါဒစွဲမထား ဘဲ ပြည်သူ့အကျိုးကို ဆောင်ရွက်နေကြတဲ့ လွှတ်တော်ကြီးမှာ တက်ရောက်နေကြတဲ့ လွှတ်တော် ကိုယ်စားလှယ်များဟာ ပါတီကိုကိုယ်စားပြုပြီး တက်ရောက်နေကြတဲ့ နိုင်ငံရေးသမားများဖြစ်ကြပါ တယ်။ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်ဆိုတာ အနည်းငယ်မျှသာရှိပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ကြီးများဟာ ကောင်းမွန်သော၊ တရားမျှတသော ဥပဒေများကို ပြဋ္ဌာန်းနိုင်ဖို့ကြိုးစား နေကြသလို မတရားတဲ့၊ အကျိုးမပြုတဲ့၊ ဖိနှိပ်တဲ့ဥပဒေတွေကိုလည်း ပယ်ဖျက်တဲ့လုပ်ငန်းကို အစွမ်း ကုန်လုပ်ဆောင်နေလို့ နိုင်ငံတကာက ချီးကျူးနေကြတာဖြစ်ပါတယ်။ ဒီလိုအချိန်မျိုးမှာ အစိုးရကို ဆန့်ကျင်ရင် အချုပ်ထဲထည့်မှာပဲ၊ နိုင်ငံတကာမှာလည်း ဒီလိုပဲကျင့်သုံးနေတယ်ဆိုပြီး ပြောဆိုခဲ့တဲ့ အတွက် နိုင်ငံတကာအစိုးရများကိုပါ စော်ကားသလိုဖြစ်နေပါတယ်။ အာဏာ(၃)ရပ် အပြန်အလှန် ထိန်းကျောင်းရမယ့်မူအရလည်း လွှတ်တော်များက အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ တရားရေးမဏ္ဍိုင်တို့ကို စောင့်ကြည့်တဲ့လုပ်ငန်းများကို ကော်မတီများဖွဲ့စည်းပြီး ဆောင်ရွက်နေကြတာပါ။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရဲ့မူဘောင်တွင်းက လုပ်ဆောင်ပြီး အပြုသဘောနဲ့ ဝေဖန်ထောက်ပြရင်း ဒီမိုကရေစီအသွင်ကူးပြောင်း ရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံရေးအရ ဆောင်ရွက်နေချိန်မှာ ဘယ်နိုင်ငံရေးသမားကို မှဂရုမစိုက်ဘူး။ ဘယ်နိုင်ငံရေးပါတီမှလည်း မကြောက်ဘူးဆိုတဲ့ စကားရပ်ဟာ နိုင်ငံရေးပါတီတွေကို ကိုယ်စားပြုတက်ရောက်နေကြတဲ့ လွှတ်တော်ကြီးကို စော်ကားလိုက်တာပါပဲ။ ဒီလိုစော်ကားခံရတာ၊ လွှတ်တော်ရဲ့ဂုဏ်သိက္ခာကို ထိပါးခံခဲ့ရတာ တတိယအကြိမ်ရှိသွားခဲ့ပါပြီ။ လွှတ်တော်ကို စော်ကား

ထိပါးတာဟာ ပြည်သူတွေကို စော်ကားထိပါးသလိုပါပဲ။ ဘာကြောင့်လည်းဆိုတော့ ကျွန်တော်တို့တွေဟာပြည်သူကိုကိုယ်စားပြုပြီး လွှတ်တော်ထဲရောက်လာကြလို့ပါပဲ။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုဝန်ကြီးရဲ့ပြောစကားတွေဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ငြိမ်းချမ်းစွာလုပ်ဆောင်နေမှုကို ကဖျက်ကယက် လုပ်ဆောင်နေသလိုဖြစ်နေပါတယ်။ ဘာကြောင့်လည်းဆိုတော့ အဆိုပါပြောစကားများကြောင့် မတည်မငြိမ်မှုတွေဖြစ်လာနိုင်ပါတယ်။ ဆန္ဒဖော်ထုတ်မှုတွေ ရန်ကုန်မြို့မှာ ဖြစ်ပေါ်နေခဲ့ပါတယ်။ အသွင်ကူးပြောင်းရေးကာလမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးစားပေးလုပ်ငန်းအဖြစ် လုပ်ဆောင်နေချိန်မှာ တစ်ဦးပေါ်တစ်ဦး အထင်မြင်လွဲမှားမှုတွေဖြစ်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို အနှောင့်အယှက်ဖြစ်စေပါတယ်။ ပြည်သူလူထုအနေနဲ့လည်း မတရားမှုတွေကို ခေါင်းငုံ့ခံ၊ အစိုးရလုပ်သမျှ ဘာမှမဆန့်ကျင်နဲ့၊ ခေါ်ရင်လာ၊ ခိုင်းတာလုပ်၊ ခံမပြောနဲ့ဆိုတဲ့ အာဏာရှင်စနစ်ပုံစံကို ပြန်ဖော်ထုတ်နေသလို ခံစားရပါလိမ့်မယ်။ ဒီမိုကရေစီနဲ့လည်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ နိုင်ငံသားတစ်ဦးရဲ့ လွတ်လပ်စွာဖော်ထုတ်မှုတွေကိုလည်း ချိုးဖောက်နေသလို ဖြစ်နေပါတယ်။ သို့ပါ၍ ပြည်ထောင်စုဝန်ကြီးရဲ့ ပြောကြားချက်များနှင့်စပ်လျဉ်း၍ အမြန်ဆုံးတာဝန်ယူ ဖြေရှင်းပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်မှတစ်ဆင့် အရေးတကြီးအဆိုအဖြစ် တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။အဆိုကိုထောက်ခံမယ့်ကိုယ်စားလှယ်တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်ဌေးကြွယ်(မော်လမြိုင်မဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်မကတော့ မွန်ပြည်နယ်၊ မော်လမြိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဌေးကြွယ်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်ရဲ့ မကွေးမြို့နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး ခရီးစဉ်တွင် ဒေသခံပြည်သူများကို ပြောဆိုသောစကားများသည် (၁) ဒီမိုကရေစီနိုင်ငံတည်ဆောက်ရာတွင် ပါတီနိုင်ငံရေးနှင့် နိုင်ငံရေးသမားများ၏အခန်းကဏ္ဍသည် အဓိကကျသော အခန်းကဏ္ဍမှပါဝင်နေကြပြီး ပါတီနှင့်နိုင်ငံရေးသမားများ၏ အခန်းကဏ္ဍကိုစော်ကားစေရာရောက်စေခြင်း၊ (၂) တည်ဆဲခေတ်စနစ်နှင့် အလွန်အမင်းကွာဟစေသော၊ ကွဲလွဲစေသော အသုံးအနှုန်းများသည် မကျေနပ်မှုများကိုဖြစ်ပေါ်လာစေရန်နှင့်မလိုလားအပ်သော အပြုအမူများပေါ်ပေါက်အောင် လှုံ့ဆော်ရာရောက်စေနိုင်သောကြောင့် လောင်းလုံးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးတင်သွင်းသော မွေးမြူရေးနှင့်

ရေလုပ်ငန်းကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၏ ပြောကြားချက်များနှင့်စပ်လျဉ်း၍ အမြန်ဆုံးတာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးရန်အဆိုကို ထောက်ခံပါကြောင်း တင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါသည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အရေးကြီးအဆိုနှင့်ပတ်သက်ပြီး ပြည်ထောင်စုအစိုးရကိုယ်စား သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြဖို့ဖြစ်ပါတယ်။

**ဦးအောင်ကြည်(ပြည်ထောင်စုဝန်ကြီး၊ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ကျွန်တော်လေးစားစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်ဖြစ်ပါတယ်။ မကွေးမြို့နယ် သစ်ရာကောက်ကျေးရွာမှာ ဒေသခံရွာသူရွာသားတချို့နှင့် ကြိုတင်စီစဉ်ထားခြင်းမရှိဘဲနဲ့ ရှောင်တခင်တွေ့ဆုံခဲ့တဲ့နေရာမှာ ပြောကြားခဲ့တဲ့ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်ရဲ့ ပြောစကားများနှင့်ပတ်သက်ပြီး ဝေဖန်မှုတွေကျယ်ပြန့်စွာထွက်ပေါ်နေတာ ကျွန်တော်တို့အားလုံး အသိပဲဖြစ်ပါတယ်။ မပြောသင့်တဲ့ စကားလုံးအသုံးအနှုန်းတွေ လွန်လွန်ကျူးကျူးပါတာလည်းပဲမှန်ပါတယ်။ ဒါပေမယ့်လည်းပဲ သူ့ရဲ့ရည်ရွယ်ချက်က ကျေးရွာလူထုလိုအပ်ချက်အတွက် အကူအညီပေးဖို့ပဲဖြစ်တယ်လို့ ကျွန်တော်တို့ယူဆနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုလို့ရှိရင် လမ်းထိပ်လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင်က လူ ၁၅ ယောက်လောက်က ထွက်ပြီးတော့ ပြည်ထောင်စုဝန်ကြီးရဲ့ကားကိုတားပါတယ်။ ဒီလိုတားတာကို ပြည်ထောင်စုဝန်ကြီးက ကျေကျေနပ်နပ်နဲ့ ဘယ်အရပ်ကလဲ၊ ဘယ်ကလဲ၊ ဘာလုပ်ပေးရမလဲ အကုန်လုံးလုပ်ပေးမယ်ဆိုပြီးတော့ ဒီလိုပြောဆိုတဲ့ စကားတွေလည်းအားလုံးကြားမိကြမှာဖြစ်ပါတယ်။ အဲဒီတော့ အကူအညီမပေးချင်လို့ရှိရင် ကားတောင် ကျွန်တော်တို့ ရပ်ပေးစရာမလိုပါဘူး။ မောင်းထွက်သွားရုံပါပဲ။ စကားပြောတဲ့အခါကျတော့လည်း အားလုံးကို ရင်းရင်းနှီးနှီးနဲ့ ပြောဆိုကြတာ ကျွန်တော်တို့အားလုံးအသိပဲဖြစ်ပါတယ်။ အဲဒီတော့ ဒီဒေသမှာ ကျွန်တော်တို့ ငါးနှစ်လောက် တာဝန်အမျိုးမျိုးနဲ့ ထမ်းဆောင်ခဲ့တဲ့လူတစ်ယောက်ရဲ့ ခံစားချက်ပေါ့။ ဒီဒေသမှာ ငါးနှစ်လောက် တာဝန်ထမ်းဆောင်ခဲ့ပြီးပြီဆိုတဲ့အခါကျလို့ရှိရင် ဒီဒေသကလူတွေနဲ့တွေ့တဲ့အခါမှာ ဆွေမျိုးရင်းချာတွေလို သဘောထားတတ်ပါတယ်။ ပြောဆိုတဲ့အခါမှာလည်းပဲ ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်းပြောဆိုတတ်ပါတယ်။ သူ့အနေနဲ့ကတော့ ဒီလိုပြောရင်းဆိုရင်းနဲ့ပဲ သူ့ရဲ့ကိုယ်ပိုင်ခံစားချက်တချို့ကို ကျွန်တော်တို့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အရ ထုတ်ဖော်ပြောဆိုမိခဲ့တယ်လို့ ဒီလိုယူဆမယ်ဆိုရင်လည်း ယူဆလို့ရနိုင်

မယ့်အနေအထားရှိပါတယ်။ အဲဒီတော့ ဒီလိုပြောရင်းနဲ့ပဲ တကယ့်တကယ်ကျတော့ ညွှန်ကြားရေးမှူးချုပ်နှစ်ယောက်ကို ကျွန်တော်တို့ထားခဲ့တယ်။ ပြီးတဲ့အခါကျတော့ ဒီကျေးရွာနှင့်ပတ်သက်ပြီးတော့ လိုအပ်တဲ့လုပ်ငန်းတွေဆက်လက်ပြီးတော့ လုပ်ကိုင်ဖို့အတွက် ချက်ချင်းပဲ ကျွန်တော်တို့ အထက အတွက် ကွန်ကရစ်ရေအိမ်နှစ်လုံးစီစဉ်ပေးခဲ့တယ်။ ကျောင်းသားတွေအတွက် စားပွဲ၊ ကုလားထိုင်အစုံ ၃၀ စီစဉ်ပေးခဲ့တယ်။ ရေတိမ်ရေသန့်လုပ်ဖို့ ရေစစ်ကန်အတွက်ဘိလပ်မြေအိတ် ၅၀ လည်းပဲ တစ်ခါတည်းပဲချပေးခဲ့တာ ကျွန်တော်တို့တွေ့ရပါတယ်။ ဒီအချက်တွေကိုလည်းပဲ ကျွန်တော်တို့ ထည့်သွင်းစဉ်းစားသင့်တယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ ဒီလိုပါပဲ။ ကျွန်တော်တို့ ကော့သောင်းမြို့နယ် ပုလုံးတုံတုံး ရွာသားတွေနဲ့တွေ့တဲ့အခါမှာလည်းပဲ အဲဒီမှာတုန်းကလည်း ရွာသားတွေကပဲလာခေါ်ပြီးတော့မှ ဝန်ကြီးနဲ့တွေ့ဆုံကြတာဖြစ်ပါတယ်။ အဲဒီလိုတွေ့ဆုံတဲ့အခါမှာလည်းပဲ စကားအသုံးအနှုန်းလွဲမှားမှုတွေပါသွားခဲ့ပါတယ်။ ပါသွားနိုင်ပါတယ်။ ကျွန်တော်တို့တော့ သေသေချာချာမသိပါဘူး။ ပါသွားနိုင်ပါတယ်။ ဒါပေမယ့် အဲဒီရွာမှာ သူဟာ လွန်ခဲ့တဲ့ ၁၀ နှစ်တာ ကာလတုန်းက နယ်မြေခံအရာရှိကြီးတစ်ယောက်အနေနဲ့ ရွာသားတွေနဲ့အတူတူ လက်တွဲပြီးတော့ ကျွန်တော်တို့ သဲသောင်ပြင်နဲ့ ပင်လယ်ဝကိုဖြတ်ပြီးတော့ ဒီပုလုံးတုံတုံးနဲ့ ကော့သောင်းဆက်သွယ်တဲ့ တံတားကို ထိုးဖို့စွန့်စွန့်စားစားကြိုးပမ်းခဲ့အားထုတ်ခဲ့တာဖြစ်ပါတယ်။ အဲဒါ ကိုယ်ထူကိုယ်ထတံတားဖြစ်ပါတယ်။ အဲဒီတော့ အဲဒီလိုမိုင်နဲ့ချီပြီးတော့ ရှည်တဲ့ ဒီလုပ်ငန်းတစ်ခုကို ကျေးရွာလူထုနဲ့ အချိန်ယူပြီးတော့၊ ပူးတွဲပြီးတော့ ရင်းရင်းနှီးနှီးလက်တွဲပြီးတော့ လုပ်လာခဲ့တဲ့ လူတစ်ယောက်ဖြစ်တယ်။ ပြီးတော့ အဲဒီတံတားအတွက် ကျွန်တော်တို့လိုအပ်တဲ့ မြေထိန်းနံရံ ကျောက်စီမြေထိန်းနံရံ ပေ ၁၆၀၀ ပတ်ဝန်းကျင်လောက်ရှိပါတယ်။ ဒါကိုလည်းပဲ လူထုနဲ့အတူ လက်တွဲပြီးတော့ ဆောင်ရွက်ခဲ့တာလည်း ဒါကျွန်တော်တို့ သတိထားရမယ့်အချက်ဖြစ်ပါတယ်။ ဒါတွေရဲ့အကျိုးဆက်ကြောင့် ကျွန်တော်တို့က အခု အဲဒီရွာကိုကြည့်မယ်ဆိုရင် ဆိပ်ကမ်းကလည်းပဲ သာတောင့်သာယာ ဖြစ်နေတဲ့အပြင် ဦးအုန်းမြင့်တာဝန်ယူတဲ့ ဝန်ကြီးဌာနကပဲ ပုလုံးတုံတုံးကျေးရွာတံတား ချဉ်းကပ်လမ်းအတွက် လိုအပ်တဲ့လမ်းခင်းပေးဖို့ ဒီဘတ်ဂျက်မှာ ကျွန်တော်တို့ လွှတ်တော်ကို တင်ပြထားပြီးဖြစ်တာလည်း ကျွန်တော်တို့ ထည့်သွင်းစဉ်းစားရပါ့မယ်။ ဒီတံတားတင်မကပါဘူး။ ကျေးရွာမီးလင်းရေးအတွက် ဆိုလာမီးတွေတပ်ဆင်ပေးဖို့အတွက်ပါ သူကတင်ပြခဲ့တာဖြစ်ပါတယ်။ အဲဒီတော့ ရွာသူရွာသားတွေအပေါ်မှာ ဦးအုန်းမြင့်ထားရှိတဲ့ စေတနာကိုလည်းပဲ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအနေနဲ့ ထည့်သွင်းစဉ်းစားဖို့ မှန်းဆကြည့်လို့သိနိုင်ပါတယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖြစ်စဉ်နှစ်ရပ်စလုံးမှာ ဦးအုန်းမြင့်ဟာ ခုနက Good faith သဘောရိုးနဲ့ပြောခဲ့

တာလား။ ဒါမှမဟုတ်လို့ရှိရင်လည်း Bad Faith နဲ့ ကောက်ကျစ်သောအကြံနဲ့ ကျွန်တော်တို့ စေတနာမသန့်ဘဲနဲ့ ပြောခဲ့တာလားဆိုတဲ့အချက်ဟာ ဒီကိစ္စမှာ ကျွန်တော်တို့ အရေးတကြီးထည့်သွင်းစဉ်းစားရမယ့်အချက်ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ ဒီကိစ္စကို လေ့လာသုံးသပ်တဲ့နေရာမှာ ဖြစ်နိုင်သမျှ တရားမျှတမှုရှိစေဖို့အတွက် ကျွန်တော်တို့က အပေါ်ယံကလေးလေ့လာ သုံးသပ်တာမျိုးမလုပ်ချင်ပါဘူး။ အဲဒီတော့ နောက်ခံအကြောင်းတရားတွေ၊ ဖြစ်စဉ်ပေါ်ပေါက်တဲ့ ပတ်ဝန်းကျင်အခြေအနေ၊ နောက်ဖြစ်စဉ်ကြောင့်ဖြစ်ပေါ်လာတဲ့ အကျိုးသက်ရောက်မှုတွေ နောက် နယ်မြေခံလူထုရဲ့ ပင်ရင်းစိတ်နေသဘောထားတွေ ဒါတွေကိုပါ ကျွန်တော်တို့ ထည့်သွင်းစဉ်းစားပြီးတော့မှ ပြည့်ပြည့်စုံစုံလေ့လာသုံးသပ်ဖို့လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအတွက် ကျွန်တော်တို့ လုံလောက်တဲ့အချိန်ပေးပါလို့ ကျွန်တော် ဥက္ကဋ္ဌကြီးအား တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဦးမြင့်သိန်း(မကွေးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ဆွေးနွေးခွင့်ပြုပါ။ ကျွန်တော်က မကွေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်းပါခင်ဗျား။ ခုနက ဝန်ကြီးဖြေရှင်းသွားတဲ့အထဲမှာ ကျွန်တော်တင်ပြလိုတာက ကျွန်တော်တို့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၄ မှာ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်လို့ပါပါတယ်။ အဲဒီတော့ ကျေးရွာပြည်သူလူထုဆိုတာလည်း အချုပ်အခြာအာဏာပိုင်ရှင်တွေပါ။ အချုပ်အခြာအာဏာကိုပိုင်တဲ့ မူလပိုင်ရှင်တွေဖြစ်တဲ့ နိုင်ငံသူနိုင်ငံသားကျေးရွာသူကျေးရွာသားတွေကို ဒီလို ပမာမခန့် မလေးမစား ရိုင်းရိုင်းပျပျ ပြောဆိုဆက်ဆံတာဟာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ မကိုက်ညီပါဘူး။ နောက်တစ်ချက် ကျွန်တော်တင်ပြလိုတာကတော့ ဦးအုန်းမြင့်သည် ပြည်ထောင်စုဝန်ကြီးဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ရိက္ခာလစာကိုစားနေတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်။ အဲဒီနိုင်ငံတော်က ဝန်ထမ်းများ သမ္မတကနေ အောက်ခြေဝန်ထမ်းအဆုံး ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ရနေတဲ့ ရိက္ခာလစာငွေတွေသည် နိုင်ငံသူနိုင်ငံသားများရဲ့ လယ်ခွန်၊ ယာခွန်၊ လုပ်ငန်းခွန်စတဲ့ အခွန်ငွေ၊ အခငွေတွေကနေပြီးတော့ ရတဲ့ငွေနဲ့ ထောက်ပံ့နေတာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူရဲ့ ရိက္ခာလစာဘဏ္ဍာကိုစားနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ပါတယ်။ အဲဒီတော့ ပြည်သူ့ရိက္ခာလစာဘဏ္ဍာကိုစားနေတဲ့ ပုဂ္ဂိုလ်က ပြည်သူကိုပြန်ပြီးတော့ ရိုင်းပျစော်ကားတဲ့ကိစ္စဟာ သာမန်ပုဂ္ဂိုလ်လည်းမဟုတ်ပါဘူး။ ပြည်ထောင်စုဝန်ကြီးအဆင့်ရှိတဲ့ပုဂ္ဂိုလ်ပါ။ ဒါဟာ အလေးအနက်ထားစဉ်းစားသင့်တဲ့ အချက်ဖြစ်ပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ

အခန်း(၁) ပုဒ်မ ၄ ကိုလည်း ကျော်လွန်ဖောက်ဖျက်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတစ်ယောက်အနေနဲ့ ကိုယ်စားနေတဲ့ ရိက္ခာလစာဘဏ္ဍာရဲ့ကျေးဇူးရှင်ဖြစ်တဲ့ ပြည်သူကိုလည်း ရိုင်းပျမောက်မာစွာ ဆက်ဆံတဲ့ကိစ္စဟာ အထူးအလေးအနက်ထားပြီး စဉ်းစားပါလို့ ဥက္ကဋ္ဌကြီးကို ကျွန်တော် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မူလအဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးအောင်စိုး(လောင်းလုံးမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ အရေးကြီးအဆိုဟာ တနင်္သာရီတိုင်းဒေသကြီးမှာဖြစ်သွားခဲ့တာ ၂၀၁၃ ခုနှစ်ကပါ။ ဝန်ကြီးဦးအုန်းမြင့်ပြောသွားတဲ့စကားက ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့မှာ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်ကိုယ်တိုင် ကော့သောင်းမြို့နယ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ပြည်သူ့သဘောထားကောက်ယူဖို့အတွက် ကော့သောင်းမြို့ကို ကျွန်တော်ကိုယ်တိုင်ရောက်ရှိနေပါတယ်။ အဲဒီအကြောင်းအစုံအလင်ကို ကျွန်တော့်ကိုတင်ပြတဲ့ စာရွက်စာတမ်းများနှင့်အတူ ခုနက ကျွန်တော်တို့ တနင်္သာရီဂျာနယ်မှာပါ ပါရှိပြီးဖြစ်ပါတယ်။ ဒါပေမယ့် ခုနက ဝန်ကြီးဖြေရှင်းသွားသလို စေတနာနဲ့ပဲပြောပြော ဒီကနေ့ ကျွန်တော်တို့အနေနဲ့ သည်းညည်းခံခဲ့ပါတယ်။ ဝန်ကြီးဟာ နောက်တစ်ခါ ထပ်မမှားအောင်ဆိုပြီး ကျွန်တော်သည်းညည်းခံခဲ့ပါတယ်။ ဒါပေမယ့် ဒီစကားမျိုးကို ဒီကနေ့ မကွေးတိုင်းမှာထပ်ပြောခဲ့တယ်။ ကျွန်တော်တို့ ထပ်သည်းညည်းခံနေရင် ပြည်သူတွေက ကျွန်တော်တို့အပေါ်ကို ဘယ်လိုမြင်မလဲ။ အဲဒီတော့ ကော့သောင်းပြည်သူလူထုက ကျွန်တော်တို့ကိုတင်လာပါတယ်။ ဒီလိုဆက်ဆံတဲ့ဝန်ကြီးမျိုး ကိုဘယ်အမတ်မင်းကမျှား ကယ်တင်ပေးမှာပါလိမ့်ဆိုတဲ့ မျှော်လင့်ချက်နဲ့တင်လာပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ဒီကနေ့ ဝန်ကြီးရဲ့မကွေးတိုင်းဒေသကြီးမှာ ထပ်ပြောတဲ့စကားအရ ကျွန်တော်တို့ဟာ အရေးကြီးအဆို ထပ်တင်ရခြင်းပါ။ ကျွန်တော်တို့ဘက်က သည်းခံခဲ့ပြီးပါပြီ။ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ အခု မကွေးတိုင်းဒေသကြီးမှာ ထပ်ပြောခဲ့ပါတယ်။ ဒီကနေ့ဟာ အသွင်ကူးပြောင်းရေးကာလမှာ အင်မတန်အမှားမခံနိုင်တဲ့ အချိန်ဖြစ်ပါတယ်။ ဒါကြောင့် အသံကြောင့် ဖားသေဆိုတဲ့မြန်မာစကားပုံအတိုင်း စေတနာဟာ စေတနာ။ ကိုယ်ပြောတဲ့စကားနဲ့ ကိုယ့်လုပ်ရပ်ဟာ ထပ်တူကျဖို့အင်မတန် အရေးကြီးပါတယ်။ ဒါမှသာ ကျွန်တော်တို့ ပြည်သူလူထုရဲ့ ယုံကြည်မှုဟာ ရရှိမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ဒီကနေ့ ကျွန်တော်တင်သွင်းခဲ့တဲ့ အဆိုဟာ နောက်ထပ်ခုနကကျွန်တော်တို့ တင်ပြခဲ့သလို ကျွန်တော်တို့လွှတ်တော်ကြီးကို အစိုးရအဖွဲ့က တတိယအကြိမ်ရှိပါပြီဆိုတဲ့ အဆိုထဲမှာပါရှိသွားပြီဖြစ်ပါတယ်။ ဒါကြောင့် နောက်ထပ်ထပ်မမှားအောင်

ဒီအဆိုကို ကျွန်တော့်အနေနဲ့ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကိုခံယူသွားမှာဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အစိုးရအဖွဲ့ရဲ့ကိုယ်စား ရောက်ရှိလာတဲ့ဝန်ကြီးက ဒါနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းအောင်ထပ်ပြီးတင်ပြစေလိုပါတယ်။ သဘောကဘာလဲ။ ဒီထဲမှာကတော့ အမြန်ဆုံးတာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးရန်အဆိုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုအစိုးရအနေနဲ့ ဘယ်ကဲ့သို့ တာဝန်ယူဆောင်ရွက်သင့်သလဲဆိုတဲ့ကိစ္စလည်းသိလိုပါတယ်။

**ဦးအောင်ကြည်(ပြည်ထောင်စုဝန်ကြီး၊ပြန်ကြားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ အထူးအလေးအနက်ထားပြီးတော့မှ စဉ်းစားဆောင်ရွက်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့ စောစောတုန်းကတင်ပြခဲ့သလိုပဲ ဒီကိစ္စဟာ အပေါ်ယံကြောစဉ်းစားရမယ့်ကိစ္စရပ်မျိုး မဟုတ်ဘဲနဲ့ သူ့ရဲ့နောက်ခံအကြောင်းတရားတွေ၊ ဖြစ်စဉ်ဖြစ်ရပ်တွေနဲ့ ထို့အတူ ဒေသမှာ ပြောခဲ့တဲ့ လူတွေရဲ့ စိတ်နေသဘောထားတွေ ဒါတွေကိုပါ ကျွန်တော်တို့ လေ့လာသုံးသပ်ဖို့လိုအပ်ပါတယ်။ ဒါမှလည်းပဲ ကျွန်တော်တို့ အဖြေမှန်နဲ့နီးစပ်မှာဖြစ်ပါတယ်။ ဒါမှလည်းပဲ ကျွန်တော်တို့ဟာ ပိုပြီးတော့ အမျှော်အမြင်ရှိရာကျမှာဖြစ်ပါတယ်။ ရုတ်တရက်ဖြစ်ပေါ်လာတဲ့ Emotion ပေါ်မူတည်ပြီးတော့ ကျွန်တော်တို့တွေ ဆုံးဖြတ်ကြမယ်ဆိုရင် အဆုံးအဖြတ်တွေကမှန်မယ်လို့ မပြောနိုင်ပါဘူး။ ဒါကြောင့် မို့လို့ ကျွန်တော်တို့က ဒီကိစ္စနှင့်ပတ်သက်ပြီး အချိန်အနည်းငယ်ထပ် လိုချင်ပါတယ်လို့ ကျွန်တော်တို့ တင်ပြချင်ပါတယ်။ လေးစားပါတယ်။

**ဥက္ကဋ္ဌ။** ။ ကောင်းပြီ ဒါနဲ့ပတ်သက်လို့ လွှတ်တော်ဥက္ကဋ္ဌ နားလည်လိုက်တာက အရေးကြီးအဆိုတင်သွင်းတယ်။ တင်သွင်းတဲ့အပေါ်မူတည်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံတယ်။ ဒီအပေါ်မူတည်ပြီးတော့ ပြည်ထောင်စုဝန်ကြီးက အခြေအနေမှန်တွေပေါ်ပေါက်အောင်လေ့လာသုံးသပ်ပြီးတော့မှ ဆက်လက်ဆောင်ရွက်မယ်ဆိုတဲ့သဘော ကျွန်တော်နားလည်တယ်။ တစ်ခါ အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မကွေးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထပ်ပြီးတော့ဆွေးနွေးတယ်။ ပြီးတဲ့အခါမှာ ကျွန်တော်ထပ်ပြီးတော့ ဆွေးနွေးတယ်။ ပြီးတဲ့အခါမှာ ကျွန်တော် ထပ်ပြီးတော့ အဆိုရှင်ကိုဆွေးနွေးတယ်။ အဆိုရှင်က တစ်ခါ ထပ်ပြီးတော့မှ ဝန်ကြီးက ပြန်ဖြေရှင်းတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်နားလည်လိုက်တာက အခု အမြန်ဆုံးတာဝန်ယူဖြေရှင်း ဆောင်ရွက်ပေးရန်အဆိုကို အစိုးရအဖွဲ့အနေနဲ့လည်း အလေးထားပြီးတော့ ဆောင်ရွက်နေတယ်။

ဆောင်ရွက်တဲ့နေရာမှာ အမြန်ဆုံးဆိုတဲ့စကားနဲ့ပတ်သက်ပြီးတော့ အခုစပြီးဆောင်ရွက်နေပြီလို့ပဲ ကျွန်တော် သဘော ဒီလိုပဲနားလည်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်ရဲ့နားလည်မှုမှန်ပါသလား။ စတင်ပြီးတော့ ဒီကိစ္စအတွက် ဆောင်ရွက်နေပြီလို့ဆိုတဲ့ဟာမှန်ပါသလား။

**ဦးအောင်ကြည်(ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)။** ။ မှန်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒါကြောင့်မို့လို့ အဓိပ္ပာယ်တစ်ဖက်နှင့်တစ်ဖက် အားလုံးနားလည်အောင် ကျွန်တော်ပြန်လည်ဆွေးနွေးခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဦးအောင်စိုး၊ လောင်းလုံးမဲဆန္ဒနယ်က တင်ပြတဲ့အဆိုပေါ်မှာ သက်ဆိုင်ရာပြည်ထောင်စုအစိုးရကလည်း ဆောင်ရွက်နေပြီဖြစ်တယ်ဆိုတဲ့ အတွက် ဒီအဆိုကို ကျွန်တော်တို့ လွှတ်တော်မှာ မှတ်တမ်းထားရှိပြီးတော့ စောင့်ကြည့်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ ဒီလိုပဲယူဆပါတယ်။ ဒါကြောင့်မို့လို့ ဒါနဲ့ပတ်သက်ပြီးတော့ အခု ဦးအောင်စိုး တင်သွင်းသွားတဲ့အဆို တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ ပုလုံးတုံတုံးကျေးရွာ ပြည်သူ လူထုနှင့်တွေ့ဆုံစဉ် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ် သစ်ရာကောက်ကျေးရွာမှ ဒေသခံများနှင့် တွေ့ဆုံစဉ်တို့တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအုန်းမြင့်ရဲ့ပြောကြားချက်နှင့်စပ်လျဉ်း၍ အမြန်ဆုံးတာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးရန် အဆိုကို လွှတ်တော်မှာ မှတ်တမ်းတင်ထားရှိ စောင့်ကြည့်ဆောင်ရွက်သွားမည်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးအောင်စိုးတင်သွင်းတဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ် ပုလုံးတုံတုံးကျေးရွာ ပြည်သူ လူထုနှင့်တွေ့ဆုံစဉ်၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ် သစ်ရာကောက်ကျေးရွာမှ ဒေသခံများနှင့် တွေ့ဆုံစဉ်တို့တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအုန်းမြင့်ရဲ့ပြောကြားချက်နှင့်စပ်လျဉ်း၍ အမြန်ဆုံးတာဝန်ယူ ဖြေရှင်းဆောင်ရွက်ခြင်းအဆို ကို မှတ်တမ်းတင်ထားရှိမှာဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

မူကြမ်း

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

အချိန်၊ ၁၂း၀၀။

**အခမ်းအနားမှူး။** ။ ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီ။

## ဦးစောလှထွန်း၊ ချောင်းဦးမဲဆန္ဒနယ်က တင်သွင်းသည့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစောလှထွန်း၊ ချောင်းဦးမဲဆန္ဒနယ်က တင်သွင်းသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် န၀မပုံမှန်အစည်းအဝေး ဒုတိယနေ့ ၁၆-၁-၂၀၁၄ ရက်နေ့တွင် အစီရင်ခံစာဖတ်ကြားခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ၎င်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၁-၁-၂၀၁၄ ရက်နေ့ နောက်ဆုံးထားပြီး ပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲများအလိုက် အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ချက် ၂၁ ချက်၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေက ပြင်ဆင်ချက် ၁ ချက်နှင့် ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်က ပြင်ဆင်ချက် ၁ ချက်တင်သွင်းထားပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်လိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ဥပဒေကြမ်းကော်မတီနဲ့ ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ အဆုံးအဖြတ် အတည်ပြုသွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက် (၂၁)ချက်အား ဥပဒေကြမ်းကော်မတီမှ တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် (၂၁)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ရေးအတွက် ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား လွှတ်တော်သို့အဆို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ရန် တင်ပြချက် (၂၁)ချက်ကို မတင်ပြခင် မှာ လွှတ်တော်ကိုယ်စားလှယ်များထံသို့ အကျဉ်းမျှ ပြင်ဆင်ချက်နှင့်ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြ ပေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ၂၂-၁-၂၀၁၄ ရက်နေ့မှာ ပြင်ဆင်ချက်အဆိုတင်သွင်းသော ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များနှင့် ညှိနှိုင်းအစည်းအဝေး ကျင်းပဆောင်ရွက်ခဲ့ကြပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များ ဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲခြင်းနှင့် စပ်လျဉ်းပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ၃၁-၁-၂၀၁၄ ရက်စွဲပါစာဖြင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ သုံးစွဲခြင်းကိစ္စအပေါ် ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီးနဲ့ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအားလုံးထံသို့ သိရှိဆောင်ရွက်နိုင်ရန် အကြောင်းကြားပြီးဖြစ်ကြောင်း သိရှိရ ပါတယ်။ ပြည်ထောင်စုလွှတ်တော်နာယကအနေနဲ့လည်း ၃-၂-၂၀၁၄ ရက်စွဲပါအမိန့်ကြော်ငြာစာ အမှတ်(၁၈/၂၀၁၄) ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများအဖြစ်လည်း ထုတ်ပြန်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဤကဲ့သို့ ဆောင်ရွက် ပေးမှုများကြောင့် လွှတ်တော်ကိုယ်စားလှယ်များ လက်ရှိဆောင်ရွက်နေတဲ့ မိမိတို့ရဲ့ဖွံ့ဖြိုးရေးရန်ပုံငွေ လုပ်ငန်းများအပေါ်မှာ ကြောင့်ကြစရာမလိုဘဲနဲ့ ပြည်သူ့အကျိုးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သို့ရာတွင် ရေရှည်အကျိုးကို မျှော်မှန်းပြီးလုပ်ဆောင်နိုင်ရန်အတွက် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးရဲ့အကြောင်းကြားစာ၊ ပြည်ထောင်စုလွှတ်တော်နာယကကြီးက ထုတ်ပြန်သတ်မှတ်ပေး

သည့်လုပ်ထုံးလုပ်နည်းများကိုအခြေခံပြီး ဖြည့်စွက်ပြင်ဆင်ချက်များအဖြစ် အတည်ပြုနိုင်ရန်ဆက်လက်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုပြင်ဆင်လိုက်တဲ့ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ အကျဉ်းချုပ်တင်ပြလိုတာကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖြစ်စေရန်အတွက် စိစစ်ပြင်ဆင်ခြင်း၊ ယခုငွေကြေးရန်ပုံငွေအားလုံးဟာ နိုင်ငံတော်ဘဏ္ဍာငွေဖြစ်တဲ့အားလျော်စွာ စာရင်းစစ်ချုပ်ရဲ့ စာရင်းစစ်ဆေးမှုခံယူနိုင်ရေးအတွက် ပြင်ဆင်ခြင်းနှင့် ပြင်ဆင်တဲ့ဥပဒေကြမ်းမှာ ဘာသာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲခြင်း၊ စာရင်းစစ်ဆေးခံနိုင်ခြင်းတို့ကိုလည်း ဆောင်ရွက်သွားနိုင်ရန် ပြင်ဆင်ခြင်းဖြစ်ပါကြောင်း လေးစားစွာဖြင့်ဖြည့်စွက်တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့မှ ၂၀၁၃ ခုနှစ်ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(က)(ခ)(ဂ)နှင့်(ဃ)တို့အရ အတည်ပြုပေးနိုင်ရန်အတွက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက် (၂၁)ချက်တို့ကို အောက်ပါအတိုင်းတင်ပြသွားမှာဖြစ်ပါတယ်။

ပထမမူလစာမျက်နှာမှာ အမှတ်စဉ် ၁ အခန်း(၁) အသစ်ဖြည့်စွက်ခြင်း၊ အပိုဒ်ခွဲ (ဃ)နှင့် (ၿ) ဖြစ်ပါတယ်။ အမှတ်စဉ် ၂ အခန်း (၂) အပိုဒ် ၃ အပိုဒ်ခွဲ (က)(ခ)(ဂ)(ဃ) တို့ဖြစ်ပါတယ်။ စာမျက်နှာ ၂ အမှတ်စဉ် ၃ အခန်း (၃) အခန်း (၆) ကိုပယ်ဖျက်ပါတယ်။ အမှတ်စဉ် ၄ အခန်း(၄)၊ အခန်း(၇) အပိုဒ်ခွဲ (ခ)၊ အမှတ်စဉ် ၅ အခန်း(၅) အပိုဒ် ၉ အပိုဒ်ခွဲ(က)ကနေပြီး အပိုဒ်ခွဲငယ် (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) ဖြစ်ပါတယ်။ ပြင်ဆင်ချက်ဇယား စာမျက်နှာ ၃ အမှတ်စဉ် ၆ အခန်း(၅) အပိုဒ် ၉ အပိုဒ်ခွဲ(ခ) ပြင်ဆင်တင်ပြပါတယ်။ စာမျက်နှာ ၃ မှပဲ အမှတ်စဉ် ၇ အခန်း(၅) အပိုဒ် ၁၀ အပိုဒ်ခွဲ(က)၊ အမှတ်စဉ် ၈ အပိုဒ်ခွဲ(ဂ)၊ အမှတ်စဉ် ၉ အသစ်ဖြည့်စွက်ခြင်း အပိုဒ်ခွဲ(ဃ)တို့ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ စာမျက်နှာ ၄ မှာ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်တင်ပြချက် အမှတ်စဉ် ၁၂ အခန်း (၆) အပိုဒ် ၁၁ ဖြစ်ပါတယ်။ အမှတ်စဉ် ၁၃ အခန်း (၆) အပိုဒ် ၁၂ နှင့် အမှတ်စဉ် ၁၄ အခန်း ၇ အပိုဒ် ၁၃ တို့ဖြစ်ပါတယ်။ ပြင်ဆင်ချက်ဇယားစာမျက်နှာ ၅ မှာကတော့ အမှတ်စဉ် ၁၅ အခန်း (၇) အပိုဒ် ၁၄၊ အမှတ်စဉ် ၁၆ အခန်း(၈) အပိုဒ် ၁၅၊ ၂၆ ကိုပယ်ဖျက်ပါတယ်။ အမှတ်စဉ် ၁၇ အခန်း(၈) အပိုဒ် ၁၇၊ အမှတ်စဉ် ၁၈ အခန်း (၈) အပိုဒ် ၁၈၊ အမှတ်စဉ် ၁၉ အသစ်ဖြည့်စွက်ခြင်း ဖြစ်ပါတယ်။ စာမျက်နှာ ၆ မှာက အမှတ်စဉ် ၁၉ ရဲ့အသစ်ဖြည့်စွက်ခြင်းအဆက် အပိုဒ်ခွဲ (က)၊ (ခ)ပါရှိပါတယ်။ စာမျက်နှာ ၆ အမှတ်စဉ် ၂၀ အခန်း(၈) အပိုဒ် ၂၀ အပိုဒ်ခွဲ(ခ) ပြင်ဆင်ပါတယ်။ အမှတ်စဉ် ၂၁ အသစ်ဖြည့်စွက်

ခြင်းအနေနဲ့ အပိုဒ်ခွဲ(ဂ)ကို ပြင်ဆင်တင်ပြပါတယ်။ အမှတ်စဥ် ၂၂ အခန်း (၈) အပိုဒ် ၂၂ အပိုဒ်ခွဲ(ဂ) ကိုပြင်ဆင်တင်ပြထားပါတယ်။ အမှတ်စဥ် ၂၃ အခန်း(၈) အပိုဒ် ၂၃ တို့ကိုလည်းပြင်ဆင်တင်ပြထားပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက ပြင်ဆင်တင်ပြချက် (၂၁)ချက်ကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်းနှင့်စပ်လျဥ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်(၂၁)ချက်ကို ရှင်းလင်းတင်ပြသွားပြီးဖြစ်ပါတယ်။ မိမိတို့လက်ဝယ်မှာရှိကြတဲ့ ပြင်ဆင်ချက်များကိုလည်း ဖတ်ပြီးဖြစ်မည်လို့ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်(၂၁)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင့်။ ဖြည့်စွက်ချက်ကလေးတင်ပြခွင့်ပြုပါ။ စာမျက်နှာ ၂ အပိုဒ် ၇ မှာ လုပ်ငန်းဆိုင်ရာအချက်အလက်များ၊ မှတ်တမ်းအထောက်အထားများကို စနစ်တကျထိန်းသိမ်း၍ စာရင်းဇယားများပြုစုခြင်းနှင့် ယင်းမှတ်တမ်းအထောက်အထားများနှင့် စာရင်းဇယားများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ထိန်းသိမ်းထားရှိခြင်းဆိုပြီးတော့ အပိုဒ် ၇ မှာပါပါတယ်။ အဲ့ဒီတော့ ကျွန်မတို့က ဖွံ့ဖြိုးရေးရန်ပုံငွေ သိန်း ၁၀၀၀ ရပြီးတဲ့အခါမှ စာရင်းစည်းကမ်းထိန်းသိမ်းနည်းအရ ကြီးကြပ်ပြီးသုံးစွဲရမယ်ဆိုလို့ရှိရင် Controlling Officer နဲ့ Drawing Officer တွေလုပ်ရမယ့် စာရင်းဇယားပုံစံတွေရှိပါတယ်။ ဥပမာ- TF 131 ဆိုရင် Treasury from (131) ရှိပါတယ်။ TF-74 Treasury from 74 ရှိပါတယ်။ အဲ့ဒီစာရင်းဇယားပုံစံတွေနဲ့ စာရင်းဇယားပြုစုမှ စာရင်းစစ်ကစစ်ဆေးလို့ရတဲ့စာရင်းပုံစံ ဖြစ်လာမှာပါ။ အဲ့ဒီစာရင်းဇယားတွေ ခုနကကျွန်မပြောတဲ့ TF 131 တို့ 74 တို့မှာ ဘာပါလည်းဆိုရင် ဒီဘတ်ဂျက်ကာလဒီကာလထဲမှာ အကျုံးဝင်တဲ့ငွေဖြစ်ကြောင်း၊ နောက်တစ်ခုက တွက်ချက်ထားတဲ့ငွေတွေက လုံလောက်တဲ့ဘဏ္ဍာငွေရှိကြောင်း၊ နောက်တစ်ခါ အဲ့ဒီသက်ဆိုင်ရာငွေစာရင်းခေါင်းစဥ်တွေကလည်း မှန်ကန်စွာသုံးစွဲကြောင်း၊ နောက်တစ်ခုက တင်ပြထားတဲ့ဈေးနှုန်းတွေက True and FAIR View ဖြစ်ကြောင်းဆိုတဲ့ခံဝန်ချက်အနေနဲ့ Drawing Officer တွေကရေးရပါတယ်။ ရေးပြီးတဲ့အခါမှာ Controlling Officer ကလက်မှတ်ထိုးတဲ့ အဲ့ဒီပုံစံတွေလိုပါတယ်။ နောက်အပိုဒ် ၈ မှာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီသည် ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုခြင်းစီအလိုက် ကုန်ကျစရိတ် တွက်ချက်တင်ပြရာတွင် အမှန်သုံးစွဲရသော အထွေထွေကုန်ကျစရိတ်ကို သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းစီ

အလိုက် ကုန်ကျစရိတ် ၃ ရာခိုင်နှုန်းထက် မကျော်လွန်စေဘဲ ထည့်သွင်းတောင်းခံနိုင်သည်လို့ ဆိုလိုထားပါတယ်။ အဲ့ဒီတော့ ဟိုရှေး ကျွန်မတို့ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းအရဆိုလို့ရှိရင် MAN OF ORDINARY RRUDENT သာမန်အမြော်အမြင်ရှိတဲ့သူက ကိုယ့်ရဲ့ငွေသုံးသလိုသုံးရမှာပါ။ အဲ့ဒီ အခါမှာ အခု အသက် ၇၀ ကျော်တွေတော့ မီလိုက်ပါတယ်။ E and OE ဆိုတာ Fundamental Rule မှာပါတဲ့ E ဆိုတာက error တွေပြောတာပါ။ O ဆိုတာ Omission တွေပြောတာပါ။ E ဆိုတာ နောက်ထပ် E က Excluded အဲ့တော့အမှားအယွင်းမပါဘူး။ ထိမ်ချန်မှုမပါကြောင်း ဝန်ခံလက်မှတ် ရေးထိုးတယ်ဆိုတာ ဖော်ပြရပါတယ်။ အဲ့တော့ အပိုဒ် ၈ နဲ့ပတ်သက်လို့ အဲ့ဒီဖော်ပြချက်ကလိုပါတယ်။ နောက်တစ်ခုက ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်အကုန်လုံးက Elected Person တွေဖြစ်တဲ့ အတွက်ကြောင့် Appointed Person ကို ရာထူးအရပေးတဲ့ Drawing Officer လုပ်ဖို့အရေးကို ကျွန်မတို့စည်းမျဉ်းစည်းကမ်းနဲ့ ပိုပြီးတော့ တိတိကျကျလုပ်ရမယ်လို့ယူဆပါတယ်။ ဘာလို့လဲဆိုတော့ MAN OF ORDINARY PRUDENT ဆိုတာ ဥပမာ ဒေါ်တင်နွယ်ဦး၊ စာရင်းကိုင်ချုပ်ဆိုပြီးတော့ ငွေထုတ်သည့်အရာရှိခန့်အပ်ပါတယ်။ ဒါပေမယ့် ဒေါ်တင်နွယ်ဦးကို ငွေထုတ်သူအရာရှိပေးတာ မဟုတ်ပါဘူး။ ရာထူးကိုပေးတာဖြစ်ပါတယ်။ အဲ့ဒီတော့ Appointed Person အတွက် ကျွန်မပြောတဲ့ E and OE တွေဘာတွေ စုံလင်စွာပါဖို့ လိုတယ်လို့ ဖြည့်စွက်ဆွေးနွေးခြင်းဖြစ်ပါတယ်။ အားလုံးကို လေးစားပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အခု ကျွန်တော်တို့ဒီဟာက ဥပဒေကြမ်းကို ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ရေး အတွက် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းအပိုင်းမှာ ဒေါ်တင်နွယ်ဦး ပြောတဲ့ကိစ္စတွေကို ကျွမ်းကျင်သူပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ ဆက်လက်အကြံပြုဖို့လိုပါလိမ့်မယ်။ ဒါကြောင့်မို့လို့ ကျွန်တော်လွှတ်တော်ကိုတင်ပြတာက ဒီနေ့ ဥပဒေကြမ်းကော်မတီက ပြင်ဆင်အဆိုပြု ချက်ကို သဘောတူပါသလားလို့ ကျွန်တော်မေးခြင်းဖြစ်ပါတယ်။ သဘောတူညီမှုရပြီးလို့ရှိရင် ကျွန်တော်တို့ ရှေ့ဆက်သွားရပါမယ်။ ဘာကြောင့်လဲဆိုတဲ့အခါမှာ ဥပဒေကြမ်းကို ဥပဒေဖြစ်နိုင်ရေး အတွက် ပြဋ္ဌာန်းခြင်းဖြစ်ပါတယ်။ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာကတော့ ဒေါ်တင်နွယ်ဦးလို ကျွမ်းကျင်နဲ့စပ်တဲ့ပုဂ္ဂိုလ်က ဒီအပိုင်းကျတဲ့အခါကျတော့ အခုလို ဒီ့ထက်မက လိုအပ်တာတွေရှိလို့ရှိရင် လည်း အကြံပြုပေးစေလိုပါတယ်။ အဲ့ဒီတော့ ဒီဥပဒေရဲ့ပြထားတဲ့ရည်ရွယ်ချက်လေးကို ဖတ်လိုက်ပါ။ ရည်ရွယ်ချက်မှာ ၄ ခုရှိပါတယ်။ အဲ့ဒီဟာရရှိရေးအတွက် ကျွန်တော်တို့ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီရည်ရွယ်ချက်ကလည်း မူလတုန်းက မူလပြဋ္ဌာန်းချက်တုန်းက ၃ ခုဖြစ်ပါတယ်။ ၃၃ ဖြစ်တဲ့နေရာမှာ

တချို့တချို့ကိစ္စတွေက ကျွန်တော်တို့နားလည်တတ်ကျွမ်းသူနဲ့ စိစစ်တဲ့အခါမှာ ဒီဟာသည် တချို့ကိစ္စတွေမှာ အနှောင့်အသွားမလွတ်နိုင်တဲ့ ကိစ္စတွေပါတဲ့အတွက် အဲ့ဒီမူလပြဋ္ဌာန်းချက်ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်တင်ပြထားတာတွေ့ရပါလိမ့်မယ်။ ဥပဒေကြမ်းကော်မတီနဲ့ အမှတ်စဉ် ၂ အခန်း (၂) အခန်း (၃) ဖြစ်ပါတယ်။ အဲ့ဒီမှာ ရည်ရွယ်ချက်တွေဖတ်ကြည့်ပါ။ ဒီရည်ရွယ်ချက်တွေ ဖြစ်မြောက်နိုင်အောင် ဒီဥပဒေကို ပြဋ္ဌာန်းခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ထပ်ပြီးတင်ပြရမယ်ဆိုရင် ဒါသည် ဥပဒေပြဋ္ဌာန်းနေခြင်းဖြစ်ပါတယ်။ နည်းဥပဒေ လုပ်ထုံးလုပ်နည်းအပိုင်းကို ဆက်လက်ပြီးတော့ ဆောင်ရွက်သွားရမှာဖြစ်ကြောင်း ထပ်လောင်းတင်ပြလိုပါတယ်။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် (၂၁) ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**ဥက္ကဋ္ဌ။** ။ သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီက ပြင်ဆင်တင်ပြတဲ့အချက် ၂၁ ချက်ထဲက အချက် တစ်ချက်ကို မိမိအနေနဲ့ ကန့်ကွက်လိုပါကြောင်း လေးစားစွာတင်ပြလိုပါတယ်။ အဲ့ဒါကတော့ စာမျက်နှာ ၅၊ အမှတ်စဉ် ၁၆ အခန်း (၈) အပိုဒ် ၁၅ နဲ့ ၁၆ ကို ဥပဒေကြမ်းကော်မတီအနေနဲ့ ပယ်ဖျက်ဖို့ ပြင်ဆင်ထားပါတယ်။ မိမိအနေနဲ့ အဆိုပါအပိုဒ် နှစ်ပိုဒ်ဟာ ဒီဥပဒေကြမ်းထဲမှာ ထည့်သွင်းပြဋ္ဌာန်းသင့်ကြောင်း ယူဆတဲ့အတွက် ပယ်ဖျက်ရန်မသင့်ပါကြောင်း ထည့်သွင်းပြဋ္ဌာန်းသင့်ပါကြောင်း ထင်မြင်ယူဆတဲ့အတွက်ကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီက ပြင်ဆင်တဲ့ ၂၁ ချက်ထဲက အဆိုပါ အချက် တစ်ချက်အား မိမိအနေနဲ့ ကန့်ကွက်ရပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ကောင်းပြီ။ အားလုံးလည်းကြားရအောင် ပြန်ပြီးတော့ ပြောပေးပါ။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၅။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်) ။** ။ ဟုတ်ကဲ့ပါ။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၅။ အမှတ်စဉ် ၁၆ အခန်း (၈) အပိုဒ် ၁၅ နဲ့ အပိုဒ် ၁၆ ပါ။ အပိုဒ် ၁၅ ကတော့ ဖွံ့ဖြိုးရေးရန်ပုံငွေသည် ပြည်ထောင်စု၏ ထောက်ပံ့ငွေဖြစ်ပြီး ဆောင်ရွက်သော လုပ်ငန်းများသည်လည်း ပြည်သူများနဲ့ ပူးပေါင်း၍ ပြည်သူ့အကျိုးအတွက် ဖြည့်ဆည်းပေးသည့် ဖွံ့ဖြိုးရေးလုပ်ငန်းငယ်များ ဖြစ်သဖြင့် အခွန်အခကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ရှိစေရမည်ဆိုတဲ့ အပိုဒ် တစ်ပိုဒ်ရယ်၊ အပိုဒ် ၁၆ ဖြစ်တဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများသည် လုပ်ငန်းသဘောသဘာဝအရ ငွေလုံးငွေရင်းအသုံးစရိတ်စာရင်းဆိုင်ရာ

မူကြမ်း

လုပ်ထုံးလုပ်နည်းဖြင့် သတ်မှတ်ထားသော လုပ်ငန်းမျိုးမဟုတ်သဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများ စိစစ်ရေးအဖွဲ့ ဗဟိုစက်ပစ္စည်းနဲ့စာရင်းအင်းစိစစ်ရေးကော်မတီတို့၏ စီစစ်ခြင်းမှကင်းလွတ်ခွင့်ရှိစေရမည်ဆိုပြီးတော့ မူလပြဋ္ဌာန်းထားပါတယ်။ အဲ့ဒီမူလပြဋ္ဌာန်းထားတဲ့ အပိုဒ်နှစ်ပိုဒ်ကို ဥပဒေကြမ်းကော်မတီအနေနဲ့ ပယ်ဖျက်ထားပါတယ်။ မိမိအနေဖြင့်တင်ပြလိုတာကတော့ မိမိတို့ကို ခွင့်ပြုဆောင်ရွက်စေတဲ့လုပ်ငန်းများဟာ သိန်း ၁၀၀၀ ဆိုပေမယ့် တစ်ကယ်တမ်းလုပ်ငန်းတစ်ခုချင်းစီဆိုရင် ပမာဏနည်းနည်းလေးပဲ ဖြစ်ပါတယ်။ လုပ်ငန်းတစ်ခုကို ၁၀ သိန်း၊ သိန်း ၂၀ ဝန်းကျင်လောက်မှာပဲ ဖြစ်ပါတယ်။ အဲ့ဒီလုပ်ငန်းများကိုလည်း ကျွန်တော်တို့ ပြည်သူလူထုနဲ့ ပွင့်လင်းမြင်သာစွာ ပူးပေါင်းပြီးတော့မှ အများနဲ့ဝိုင်းဝန်းလုပ်ဆောင်ရတဲ့ လုပ်ငန်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ လုပ်ဆောင်ချက်များကို ပြည်သူလူထုက အနီးကပ် အကဲဖြတ်ဆုံးဖြတ်နေမှာဖြစ်ပါတယ်။ နောက်ပြီးတော့လုပ်ငန်းများအားလုံးနဲ့ပတ်သက်ပြီး စာရင်းစစ်ဆေးမှုခံယူခြင်းကိုလည်း ဆောင်ရွက်မှာဖြစ်ပါတယ်။ သို့ပေမယ့်လည်း အဓိကကတော့ ဒီဆောက်လုပ်ရေးလုပ်ငန်းများ စိစစ်ရေးအဖွဲ့နဲ့ ဗဟိုစက်ပစ္စည်းနဲ့ စာရင်းအင်းစိစစ်ရေးကော်မတီတို့နှစ်ခုရဲ့စိစစ်ခြင်းကို ကင်းလွတ်ခွင့်ပေးဖို့ပဲဖြစ်ပါတယ်။ လုပ်ငန်းလုပ်ရတဲ့ လုပ်ငန်းပမာဏနဲ့ စစ်ဆေးရမယ့်လုပ်ငန်းမမျှတလို့ တင်ပြရခြင်းဖြစ်ပါတယ်။ လေးစားစွာဖြင့် လက်ခံပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်း)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ဒီ သိန်း ၁၀၀၀ ကိစ္စက အမြတ်အစွန်းရဖို့လုပ်တဲ့လုပ်ငန်းမဟုတ်ပါဘူး။ Trading Profit and Loss ကို ဆွဲပြီးတော့ အရှုံးအမြတ်ထွက်တဲ့ လုပ်ငန်းမဟုတ်ပါဘူး။ နောက်တစ်ခုက ဝင်ငွေခွန်ကောက်ခံရတဲ့ ဝင်ငွေရရှိတဲ့လုပ်ငန်း မဟုတ်ပါဘူး။ အဲ့ဒါကြောင့်မို့လို့ အခွန်ကင်းလွတ်ခွင့်ပြုရမှာပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဒီဥပဒေကြမ်းတင်သွင်းတဲ့သူလည်းဖြစ်နေတဲ့အပြင် ဥပဒေကြမ်းကော်မတီ ဝင်တစ်ဦးအနေနဲ့ ဒါတင်ပြလိုပါတယ်။ ဒီဥပဒေကြမ်းကိုရေးဆွဲရတဲ့ ရည်ရွယ်ချက်မှာကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူတွေရဲ့လိုအပ်ချက်ကို ထိထိရောက်ရောက်ပံ့ပိုးပေးနိုင်ဖို့ ရည်ရွယ်ပြီးတော့ ဒါတင်သွင်းခြင်းဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ အဓိကကတော့ ရည်ရွယ်ချက်ဟာ ကျွန်တော်တို့က ပြည်သူတွေဆီကို ဒီငွေချောချောမွေ့မွေ့နဲ့ ရောက်ပြီးတော့ ပြည်သူ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့ဖြစ်ပါတယ်။ သို့သော်လည်း ဒီဥပဒေကြမ်းကို တင်တဲ့အချိန်အခါမှာ ကျွန်တော်တို့တွေဟာ အခြေခံဥပဒေနဲ့ဘဏ္ဍာရေး

စည်းမျဥ်းများနဲ့လည်း ကိုက်ညီဖို့လိုမယ်လို့ ယူဆပါတယ်။ တစ်ကယ်လို့ဒီအချက်တွေဟာ မညီညွတ်ဘူး။ လိုအပ်နေတယ်ဆိုလို့ရှိရင် ကျွန်တော်တို့တစ်တွေကို ပြောစရာဖြစ်လာပါမယ်။ မူလရည်ရွယ်ချက်ပေါ်မှာ ထိခိုက်ပြောစရာတွေ ဖြစ်လာပါမယ်။ ဒါကြောင့်မို့ ဒီနှစ်ချက်ဟာဖြင့် အခွန်ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ရှိစေရမည်ဆိုလို့ သာမာန်ပြည်သူတစ်ဦးကဖတ်လိုက်လို့ရှိရင် လွှတ်တော်ကိုယ်စားလှယ်တွေဟာ သီးခြားအခွင့်အရေးများခံစားနေကြသလားလို့ ယူဆစရာလည်းရှိပါတယ်။ နောက်စာရင်းစစ်စိစစ်ခြင်းမှ ကင်းလွတ်ခွင့်ပြုပါရန်ဆိုတဲ့ဟာတွေလည်းပဲ ဘဏ္ဍာရေးစည်းမျဥ်းနဲ့ ကျွန်တော်တို့ မလွတ်ဘူးလို့ဝေဖန်ခံစရာလည်းရှိပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ဟာ မူလရည်ရွယ်ချက်ကို အပျောက်မခံဘဲနဲ့ လွှတ်တော်ကိုယ်စားလှယ်များ အဓိကထောက်ပံ့ပေးရန်ဆိုတဲ့ ရည်ရွယ်ချက်ပေါ် မူတည်ပြီးတော့ ဥပဒေကြမ်းကော်မတီအနေနဲ့ပယ်ဖျက်ရန် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒါကတင်ပြ ခြင်းတစ်ပိုင်းပါ။ ဒုတိယတစ်ပိုင်းကတော့ အခုဒီဥပဒေကြမ်းကို အတည်ပြုတဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အကြံပြုချက်ကို လေးနက်စွာ ကျွန်တော်တို့ သဘောကျပါတယ်။ သို့ရာတွင် ဥပဒေကိုအတည်ပြုတဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များ အကြံပြုစရာရှိပါက အကြံပြုဖို့ အစီရင်ခံစာဖတ်ပါတယ်။ ဇယားများကို ဖြန့်ဝေပါတယ်။ ပြင်ဆင်လိုတဲ့အချက်များကို ပြင်ဆင်ခွင့်ပေးထားပါတယ်။ အဲ့ဒီအချိန်မှာ မပြင်ဆင်ဘဲနဲ့ အတည်ပြုခါနီးမှာ ပြင်တဲ့ဟာက ကျွန်တော်တို့ ဥပဒေအတည်ပြုတဲ့နေရာမှာ အနှောက်အယှက်ဖြစ်တယ်လို့ ဒါလွှတ်တော်ကိုလည်း တင်ပြလိုပါတယ်။ ကျွန်တော့်အနေနဲ့ ဒီလောက်ပဲတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒီနေရာမှာ ကျွန်တော်ပြောပါဦးမယ်ခင်ဗျား။ အဲ့ဒီတော့ ကျွန်တော်တို့ အခုနှစ်ပိုင်းမှာ တစ်ပိုင်းကတော့ခုနက ပြောမယ်ဆိုရင်တော့ အမှတ်စဥ် ၁၅ နဲ့ ၁၆ ကို အခွန်ကောက်ခံခြင်းမှကင်းလွတ်ခွင့် ရှိစေရမည်ဆိုတာသည် ပိုပြီးတော့သဘာဝကျတယ်။ မှန်ကန်တယ်။ ဖွံ့ဖြိုးရေးလုပ်ငန်းများသည် လုပ်ငန်းသဘောအရ ငွေလုံးငွေရင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းသတ်မှတ်တဲ့လုပ်ငန်းမဟုတ်ဘူး။ ဒါကြောင့်မို့လို့ ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ရေးအဖွဲ့၊ ဗဟိုစက်ပစ္စည်း စာရင်းအင်းကော်မတီသို့ စိစစ်ခြင်းမှ ကင်းလွတ်ခွင့်ရှိစေရမည်ဆိုတာလည်း အသေးအဖွဲ့ဖြစ်တဲ့အတွက် ဒါတွေမလိုပါဘူး။ နောက်တစ်ဦးရဲ့တင်ပြချက်ကတော့ ဒီဟာကအမြတ်အစွန်းရတဲ့ လုပ်ငန်းမဟုတ်ဘဲနဲ့ ပြည်သူကိုထောက်ပံ့တဲ့လုပ်ငန်းဖြစ်တဲ့အတွက် ပြည့်ပြည့်ဝဝရစေချင်တယ်ဆိုတဲ့ သဘောစေတနာနဲ့ ပြောတာလည်းကြားလိုက်ရပါတယ်။ အဲ့ဒီအကြောင်းနဲ့ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီက ပြန်ပြီးတော့ ဆွေးနွေးပါတယ်။ ဒီဥပဒေကြမ်းကိုသူတင်ပါတယ်။ သို့ရာတွင် ဥပဒေကြမ်းကော်မတီက

ဒါနဲ့ပတ်သက်ပြီး ဒီလိုဆောင်ရွက်ခြင်းသည် မူလရည်ရွယ်ချက်မပျောက်စေဘဲ တစ်ဖက်ကလည်းမိမိတို့ အပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့မညီဘဲ ဆောင်ရွက်တယ်ဆိုတဲ့ကိစ္စမျိုး နောက်တစ်ခုကျတဲ့အခါ ကျတော့ ခုနက လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေးယူတဲ့ ကိစ္စမျိုးမဖြစ်ဖို့ ဒီလိုပြောဆို တာလည်းကြားလိုက်ရပါတယ်။ အဲ့ဒီထဲမှာ နောက်တစ်ခုပြောလိုက်တာ ကဘာလဲဆိုရင် မူလဥပဒေတွေ ကိုပြင်ဆင်ဖို့ပေးတုန်းကတော့ ဒါနဲ့ပတ်သက်ပြီးတော့ မပေးဘူး။ အခုကျမှပေးတာကတော့ အစည်း အဝေးကို အနှောက်အယှက်ဖြစ်တယ်ဆိုတဲ့ဟာက မှန်သော်လည်း တချို့ဟာလိုအပ်ချက်တွေရှိပါ တယ်။ ကျွန်တော်ဒီဥပဒေနဲ့ပတ်သက်လို့ အားလုံးသိမယ်ဆိုရင် အကြိမ်ကြိမ်လွှတ်တော်မှာ တင်ပြဆွေး နွေးဆုံးဖြတ်ဖို့ ဆောင်ရွက်ခဲ့တာမှတ်မိပါတယ်။ အဲ့ဒီနောက်ပိုင်း ပြောင်းလဲလာတဲ့အခြေအနေပေါ်မူ တည်ပြီးတော့ အစိုးရအဖွဲ့ရဲ့ အမိန့်ကြော်ငြာစာထုတ်ပြန်ချက်တွေ နောက်အခြားအကြောင်းချက်ကို ကျွန်တော်တို့ ပြန်ပြန်ပြီးတော့ဒီဥပဒေကိုပို၍ ကောင်းအောင်၊ ပို၍ဆီလျော်အောင်၊ ပို၍မျှတမှုဖြစ် အောင်၊ ချောမွေ့အောင် ဆောင်ရွက်လာတဲ့အခါမှာ ခုနကမူလအဆိုပြု ပြင်ဆင်မှာတုန်းက အနေ အထားနဲ့ ပြောင်းလဲသွားတာတွေလည်းရှိနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ကတော့ အခုဒီလို ဆွေးနွေးတဲ့အချိန်မှာ ခုနကလွှတ်တော်ကိုယ်စားလှယ်များက အပြုသဘောနဲ့ ဝင်ရောက် ဆွေးနွေးတာကို ကြားလိုက်ရပါတယ်။ အပြုသဘောနဲ့ ဆွေးနွေးတာကြားလိုက်တယ်။ ဒီဟာကိုပဲ ကျွန်တော်တို့က အဓိကထားပြီးတော့ စဥ်းစားဆောင်ရွက်မှာဖြစ်ပါတယ်။ ကျန်တာတွေ အငြင်းထွက်နေ စရာမလိုပါဘူး။ အကယ်လို့ ပုဒ်မ ၁၅၊ ပုဒ်မ ၁၆ ကိုမပယ်ဖျက်ဘူး ဒီအတိုင်းပဲထားမယ်ဆိုရင်လည်း ပြောမယ်ဆိုရင်တော့ မြို့နယ်တစ်နယ်ကို သိန်း ၁၀၀၀ ပေးထားတယ်။ အဲ့ဒီ သိန်း ၁၀၀၀ ထဲက အခွန် တွေပြန်ပေးရမယ်ဆိုတဲ့အတွက် အဲ့ဒီအခွန်ပေးလိုက်တဲ့အတွက် ပြည်သူတွေခုနက အခွန်ပေးရတဲ့ အတွက်မရတော့ဘူး။ နောက်တစ်ခုကျတဲ့အခါကျတော့ ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ရေးအဖွဲ့၊ ဗဟိုစက်ပစ္စည်းနဲ့ စာရင်းအင်းစိစစ်ရေးကော်မတီ၏ စိစစ်ခြင်းမှကင်းလွတ်ခွင့် ပြုရမည်ဆိုတဲ့နေရာမှာ တကယ်လို့ ကင်းလွတ် ခွင့်ပြုမယ်ဆိုတင်စရာမလိုတော့ဘူး။ ဒါဖြစ်ရင် ကျွန်တော်တို့က ဒီနေ့ ကျွန်တော်တို့ဒီမှာညွှန်ကြားချက်ထုတ်ပြီး ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်မှတ်မိသလောက်က ကျွန်တော် ဒီညွှန်ကြားချက်ကို လက်မှတ်ရေးပြီးထုတ်တာ။ လုပ်ငန်းတစ်ခု ငွေသိန်း ၁၀၀၀ ကို လွှတ်တော်ကိုယ်စားလှယ် လေး ဦးက တာဝန်ခံပြီး ထုတ်ပေးမယ်။ ဒီငွေတွေကို ဟိုတုန်းကမြို့နယ် ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီက လက်ခံမယ်။ လွှတ်တော်ကိုယ်စားလှယ်သည် ဒီငွေတွေကို တစ်ပြားမှမကိုင်ဘူး။ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီကို ရောက်မယ်။ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့က မြို့နယ်အတွင်းမှာရှိတဲ့ ရပ်ကွက်/ကျေးရွာအသီးသီး ဘယ်ရပ်ကွက်၊ ဘယ်

ရပ်ကွက်တွေမှာတော့ ဘယ်လုပ်ငန်း၊ ဘယ်လုပ်ငန်း ဘယ်နားလုပ်မယ်။ တင်လာတဲ့လုပ်ငန်းတွေကို ပြန်ပြီးစိစစ်ပြီးတဲ့အခါမှာ ဘယ်လုပ်ငန်းတွေတော့ ဘယ်ရပ်ကွက်၊ ဘယ်ကျေးရွာမှာခွင့်ပြုတယ်။ မူအား ဖြင့်ခွင့်ပြုပေးတဲ့အခါမှာ၊ သူတို့ခွင့်ပြုတဲ့အခါမှာ ဒီလုပ်ငန်းအတွက် ကုန်ကျစရိတ်တွေကို တွက်ချက်ပြီး တော့ဒီနေ့တင်ပြရပါတယ်။ ပြန်ကြည့်ပါ ဥပမာမှာ။ တွက်ချက်ပြီးတင်ပြတဲ့အခါမှာ အဲ့ဒီတွက်ချက်ပြီး တင်ပြတာကို ပုံစံ (၁) အနေနဲ့ တက်လာပါတယ်။ ဘယ်ကိုတက်လာလဲဆိုတော့ ပြည်ထောင်စု လွှတ်တော်ကို တက်လာပါတယ်။ ပြည်ထောင်စုလွှတ်တော်ကို တက်တဲ့အခါမှာ ပြည်ထောင်စု လွှတ်တော်က အဲ့ဒီပုံစံ (၁) ကိုဒီမှာရှိတဲ့ ဥပဒေကြမ်းပူးပေါင်းကော်မတီရယ်၊ နောက်တစ်ခုက စီမံကိန်း နဲ့ဘဏ္ဍာရေးပူးပေါင်းကော်မတီကို စစ်ဆေးခိုင်းပါတယ်။ စစ်ဆေးခိုင်းတဲ့ရည်ရွယ်ချက်က နံပါတ်(၁) အခု ရပ်ကွက်/ကျေးရွာ/မြို့နယ်အတွင်းမှာ လုပ်တဲ့လုပ်ငန်းတွေသည် ပြည်ထောင်စုဘတ်ဂျက်က သုံးထားတဲ့လုပ်ငန်း စီမံကိန်းထဲမှာ ပါနေသလား။ တိုင်းဒေသကြီးက ချပေးထားတဲ့လုပ်ငန်းတွေထဲမှာ ပါနေသလား။ ပါနေလို့ရှိရင်ခွင့်မပြုဘူး။ အဲ့ဒီမှာမပါတဲ့ကိစ္စအတွက် လုပ်ရမှာဖြစ်ပါတယ်။ မပါတဲ့ကိစ္စ တွေတင်လာတဲ့အခါမှာ ခုနကပြောတဲ့ကော်မတီနှစ်ခုရဲ့ စစ်ဆေးချက်ကို ရယူပြီးတဲ့အခါမှာ ပြည်ထောင်စုလွှတ်တော်က ဒီပုံစံ (၁) နဲ့ တင်လာတော့ လုပ်ပါတော့ဆိုပြီးတော့ ခွင့်ပြုလိုက်ပါတယ်။ လုပ်ပါလို့ခွင့်ပြုလိုက်တဲ့အခါမှာ အောက်ခြေရောက်သွားပါမယ်။ မြို့နယ်/ရပ်ကွက်ကျေးရွာရောက်ပါ မယ်။ ရပ်ကွက်/ကျေးရွာက ခုနက မူလတင်ပြထားတဲ့ ခန့်မှန်းခြေငွေစာရင်းအပါအဝင် မူလတင်ပြတဲ့ လုပ်ငန်းတွေကို လက်တွေ့သူကလုပ်ရမယ်။ လုပ်တဲ့အတွက် ငွေထုတ်မယ်၊ လုပ်တယ်။ လုပ်ငန်းတွေပြီး တဲ့အခါကျလို့ရှိရင် လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာတင်ရမယ်။ နံပါတ် (၁) တက်သွားတယ်။ (၂) အပေါ်ကနေ ပြန်ချတယ်။ (၃) တစ်ခါ အပေါ်ပြန်တက်တယ်။ ပြန်တက်တဲ့အခါမှာ အဲ့ဒီလုပ်ငန်းပြီးစီး ကြောင်းအစီရင်ခံစာမှာ မိမိတို့လုပ်ငန်းအလိုက် ကုန်ကျတဲ့ငွေစာရင်းတွေ။ ပြီးတဲ့အခါမှာ အထောက် အထားဓါတ်ပုံမှတ်တမ်းတွေ။ ပြီးလို့ရှိရင် ကျွန်တော်တို့ရဲ့ညွှန်ကြားချက်ထဲမှာ ဘာလုပ်ငန်းလုပ်သလဲ။ လုပ်တဲ့ဟာကို အဲ့ဒီလုပ်တဲ့လုပ်ငန်းနေရာမှာ ဆိုင်းဘုတ်စိုက်ထူပြီးတဲ့အခါမှာ အများပြည်သူမြင်သာ အောင်ကပ်ထားပါ။ စသည်ဖြင့် အဲ့ဒီလိုအထိ ကျွန်တော်တို့ လုပ်ထားတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေထဲ မှာပါတဲ့ဟာ ပယ်ဖျက်ခွင့်ပြုတယ်ဆိုတော့လည်း ကျွန်တော်တို့က ဘယ်သူမှမများအောင် အလွဲသုံးစား မရှိနိုင်အောင် လိုအပ်တဲ့အထောက်အထားလေးဖြစ်အောင် စတင်ကတည်းကိုက ဒီနေ့အများပြော နေတဲ့ Estimate ခန့်မှန်းခြေငွေစာရင်းတင်ရပါတယ်။ အဲ့ဒီ ခန့်မှန်းခြေငွေစာရင်းမှာလည်း ဘယ် လုပ်ငန်းအတွက် ဘယ်လုပ်ငန်းက ဘယ်ကိစ္စအတွက် ဘယ်လောက်၊ ဘယ်လောက်ကုန်မလဲ။ ဒါကြောင့်မို့လို့ ဒီလုပ်ငန်းအတွက် ဘယ်လောက်ကုန်မယ်။ ကုန်မယ့်ဟာလည်း ဒီနေ့ ကျွန်တော်တို့

ကန့်သတ်ထားတာ ၅ သန်း ပဲဖြစ်တဲ့အတွက် အဲ့ဒီ ၅ သန်း အောက်ကပဲ လုပ်ရတယ်။ ဒါကြောင့်မို့လို့ အခုလည်းကျွန်တော်တို့က ပောဒီပုဒ်မ ၁၅၊ ၁၆ ထဲမှာ ကင်းလွတ်ခွင့်ပြုသော်လည်း လက်တွေ့က ဒီအတိုင်းပဲ ကျွန်တော်တို့ ဆောင်ရွက်နေရတာဖြစ်ပါတယ်။ ခုနက သက်ဆိုင်ရာဗဟိုစာရင်းအင်းဆိုင်ရာ အဖွဲ့ကနေ ဒီဟာတွေစစ်တာ မစစ်တာတော့ မသိဘူး။ ကျွန်တော်တို့ကတော့ ဒီဟာလုပ်ပြီးတော့ ဒီလိုပဲတင်ပြတဲ့အတွက် ဒီပြဋ္ဌာန်းချက် ပယ်ဖျက်လိုက်လည်း ကျွန်တော်တို့လက်တွေ့လုပ်ငန်းစဉ်မှာ ဒီလိုလုပ်နေရတဲ့အတွက် ကျွန်တော်တို့အတွက်ဘာမှ မထူးဘူး။ အဲဒီအတိုင်းပဲ တချို့တချို့က ထင်နေတယ်။ အရင်တုန်းက ဒီလိုလုပ်တဲ့ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေနဲ့ပတ်သက်ပြီး လုပ်တဲ့ကိစ္စတွေက စာရင်းစစ်ခံစရာမလိုဘူး။ စာရင်းစစ်မခံနိုင်ဘူးဆိုတဲ့ဟာမျိုး တချို့ဆီမှာရောက်တယ်။ မဟုတ်ပါဘူး။ ညွှန်ကြားချက်တွေပြန်ကြည့်ပါ။ ဘယ်လောက်ထိစာရင်းစစ်ခံဖို့ဆိုလို့ရှိရင် အဲ့ဒီ ရပ်ကွက်၊ အဲဒီကျေးရွာမှာလုပ်တဲ့လုပ်ငန်းအတွက် အဲဒီကျေးရွာရပ်ကွက်မှာရှိတဲ့ ရပ်ကွက်/ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီမှာ တစ်စုံ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူမှာတစ်စုံ၊ ပြီးတဲ့အခါမှာ အဲဒီကတက်လာတဲ့ အခါကျတော့ ပြည်ထောင်စုလွှတ်တော်မှာတစ်စုံ စာရင်းစစ်ခံဖို့ ဖြစ်ပါတယ်။ စာရင်းစစ်ခံရုံးမှာ လုပ်ငန်းအစစ်ခံဖို့ပါလုပ်ထားတဲ့ကိစ္စဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုစာရင်းစစ်ချုပ်အနေနဲ့ ပြည်ထောင်စုအနေနဲ့ စစ်ချင်တယ်ဆိုလို့ရှိရင် ဟိုဒီမှာ ပြည်ထောင်စုလွှတ်တော်မှာထားတဲ့ စာရင်းကို လာစစ်လို့ရပါတယ်။ ဒေသအနေနဲ့ စစ်မယ်ဆိုလို့ရှိရင် မြို့နယ်အသီးသီး၊ ရပ်ကွက်အသီးသီးမှာရှိတဲ့ အဲဒီမှာရှိတဲ့ စာရင်းစစ်လို့ရပါတယ်။ သို့ရာတွင် ကျွန်တော်တို့ရဲ့လုပ်ငန်းလုပ်ဆောင်ချက်တွေ ဂဃဏနမသိတဲ့အတွက် စာရင်းစစ်ခံစရာမလိုဘူး။ ပြီးတဲ့အခါမှာ ခုနက ဘတ်ဂျက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းအတိုင်း မလုပ်ဘူးဆိုတဲ့ သဘောမျိုး ဒီလို ဒီလိုထင်နေပါတယ်။ အမှန်က ရှိပြီးသားပါ။ ပါပြီးသားပါ။ ဒါကြောင့်မို့လို့ ခုနက ပြောတဲ့နေရာမှာလည်း ကျွန်တော်တို့က ဘာပဲဖြစ်ဖြစ် သိန်း ၁၀၀၀ ဖြစ်တယ်။ သိန်း ၁၀၀၀ နဲ့ ခုနက လုပ်ငန်းအတွက် ၃ ရာခိုင်နှုန်းဆိုတဲ့အတွက် သိန်း ၃၀ လုပ်ငန်းကုန်ကျစရိတ်မှာထည့်ပြီးသုံးမယ်။ သိန်း ၁၀၀၀ လုံး သုံးတယ်ဆိုရင် သို့မဟုတ်ရင် ဘယ်လောက်သုံးသုံး အဲ့ဒီရဲ့ သုံးရာခိုင်နှုန်းက လုပ်ငန်းအသုံးစရိတ်ထဲမှာထည့်ပြီးတော့ သူ့စာရင်းနဲ့သူဆောင်ရွက်မှာ ဖြစ်ပါတယ်။ ခုနပြောတဲ့ ကျွန်တော် စကားလုံးမှားရင် မှားပါမယ်။ ဒီအခွန်ဆိုသည်မှာ Withholding Tax နဲ့ပတ်သက်လို့။ အဲ့ဒီဟာတွေ ကျတဲ့အခါကျတော့ သက်ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းရှိတယ်လို့ပြောပါတယ်။ ဒါကြောင့် အဲလို သက်ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းနဲ့ပတ်သက်လို့ အဲဒါတွေကိုဝယ်မယ်ဆိုလို့ရှိရင်လည်း ကျွန်တော် နားလည်သလောက်ပေါ့။ မှားလို့ရှိရင်လည်း နောက်မှပြင်မယ်။ အဲဒီလုပ်ငန်းနဲ့ အခွန်ပေးဆောင်ဖို့ကျတဲ့အခါကျတော့ ကျွန်တော်

တို့ကနေ တိုက်ရိုက်ပေးဆောင်တာမဟုတ်ဘဲနဲ့ ဝယ်ယူသုံးစွဲတဲ့လုပ်ငန်းတွေက သူ့ဟာသူ ခုနက အခွန်တစ်ခါတည်းဆောင်ပြီးသားဖြစ်တယ်လို့ ပြောတာရှိပါတယ်။ ဒါ ကျွန်တော်နားလည်တာပါ။ ဘယ်လိုပဲဖြစ်ဖြစ် ပြည်သူ့ရန်ပုံငွေကို ပြည်သူအတွက် အကျိုးရှိအောင် ပြည်သူ့ကိုယ်စားလှယ်တွေက ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ဒီငွေတွေဟာ ဒီနေ့ပြောပြောနေတဲ့ အစိုးရရဲ့ငွေတွေမဟုတ်ပါဘူး။ ပြည်သူ့ငွေတွေပါ။ ဒီနေ့ အစိုးရတစ်ရပ်တာဝန်ထမ်းဆောင်တဲ့အခါမှာ ဒီငွေတွေကို ပြည်သူ့ငွေတွေကို ထိန်းသိမ်းပေးရတဲ့သူများပဲဖြစ်ပါတယ်။ အဲဒီ ပြည်သူ့ငွေတွေကို ပြည်သူလူထုရဲ့ အမှန်တကယ် အကျိုးရှိမယ့်လုပ်ငန်းတွေမှာသုံးဖို့အတွက် ပြည်သူ့ကိုယ်စားလှယ်တွေကဒီနေ့လက်တွေ့ ဖြစ်ပေါ်နေတဲ့အခြေအနေပေါ်မူတည်ပြီးတော့ ဒီလုပ်ငန်း၊ ဒီဥပဒေဖြစ်လာအောင် လုပ်တာ။ အဲဒီတော့ ကျွန်တော်တို့ ဒီနေ့နိုင်ငံတော်အတွက် လုပ်ငန်းတွေ၊ စီမံကိန်းတွေလုပ်ကြတယ်။ လုပ်ကြတဲ့အခါမှာ စေတနာထားလုပ်ကြတယ်။ အမြင်ကျယ်ကျယ်နဲ့ လုပ်ကြတယ်ဆိုသော်လည်း အခုလောက် နိုင်ငံအတွင်းမှာ ရှိတဲ့မြို့နယ်တွေကို နှံ့နှံ့စပ်စပ် ဘယ်သူမှ အခုလုပ်ငန်းလုပ်တာလောက် ဘယ်သူမှမလုပ်နိုင်ဘူး။ ပြောရမယ်ဆိုရင် နိုင်ငံအတွင်းမှာရှိတဲ့ ရပ်ကွက်/ကျေးရွာအောက်ခြေအထိ အခုလောက်ဘယ်တုန်းကမှမလုပ်နိုင်ခဲ့ဘူး။ မလုပ်ခဲ့နိုင်တဲ့ခေတ်မှာ ကျွန်တော်တို့ အစိုးရ၊ ကျွန်တော်တို့ လွှတ်တော်ခေတ်မှာ ဒီလိုလုပ်ပေးနိုင်ခြင်းဟာ သမိုင်းတစ်ခုရဲ့ မှတ်တိုင်တစ်ခုဖြစ်တယ်။ ဒီငွေတွေထုတ်ပြီးတော့ ပြည်သူ့ကိုယ်စားလှယ်ကထုတ်ပြီးတော့ တာဝန်သာခံပြီးတဲ့အခါမှာ တကယ်သုံးရမှာက ပြည်သူရဲ့လက်ထဲရောက်မှဖြစ်ပါ့မယ်။ အဲဒီအတွက် ကျွန်တော်တို့က ပြည်သူတွေကလည်း ဒါနဲ့ပတ်သက်လို့ ဒီနေ့ ဒီအချိန်မှာ ကျေကျေနပ်နပ်ဝမ်းမြောက်ဝမ်းသာဖြစ်နေတဲ့ကိစ္စကို ကျွန်တော်တို့အနေနဲ့ ခဏတဖြုတ်ပဲ ကျွန်တော်တို့လက်ထက်မှာပဲ လုပ်သွားပြီးတဲ့အခါမှာ နောင်သားစဉ်မြေးဆက်မကျန်ဘူးဆိုရင် နောင်လုပ်ရတဲ့သူတွေ အခက်အခဲဖြစ်မှာဖြစ်တဲ့အတွက် ဒီဥပဒေကိုပြဋ္ဌာန်းခြင်းဖြစ်ပါတယ်။ အဲဒီလို ပြဋ္ဌာန်းတဲ့နေရာမှာလည်း ခုနကပြောသလို ရည်ရွယ်ချက်ကိုကြည့်ပါ။ စေတနာကိုကြည့်ပါ။ အဲ့ဒီ ရည်ရွယ်ချက်၊ စေတနာကို ကျွန်တော်တို့က လုပ်နည်းလုပ်ဟန်မှန်ကန်စွာလုပ်ဖို့လိုပါတယ်။ လုပ်တဲ့အခါမှာ ဘေးရဲ့ပြောဆိုဝေဖန်မှုတွေကိုလည်း ကျွန်တော်တို့က သတိပြုဖို့လိုပါတယ်။ တစ်ချိန်တုန်းက တချို့က ပြောကြပါတယ်။ ဒီလိုလုပ်တဲ့အတွက် တချို့တချို့သော ပါတီတွေက ပြောမယ်ဆိုလို့ရှိရင် တချို့တချို့သောပါတီက ထပ်ပြီးပြောတာ။ တချို့တချို့သောပါတီဆိုတာ လွှတ်တော်ထဲမှာ လွှတ်တော်ကိုယ်စားလှယ်အဖြစ်ပါဝင်ရောက်ရှိတဲ့ ပါတီတွေက မကျေနပ်ကြဘူးဆိုတာ အဲဒီလိုဆိုရင် ဘယ်ပါတီလဲ။ ဘာကြောင့် မကျေနပ်တာလဲ။ ရှင်းရှင်းလင်းလင်း ထွက်ပြီးပြောဖို့လိုပါတယ်။ ပြည်သူ့အကျိုးပြုမှန်မှန်ကန်ကန်လုပ်ပေးတဲ့နေရာမှာ ဘာဖြစ်လို့မကျေနပ်တာလဲ။ ဘာဖြစ်လို့ပြောနေတာလဲ။ ရှင်းရှင်း

လင်းလင်းထွက်ပြောပါ။ ဘေးကနေပြောလားမသိ၊ မပြောလားမသိ။ ဒီဟာတွေနဲ့လာပြီးတဲ့အခါမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေမှာ ခြိမ်းခြောက်မှုခံရတာရှိသလို အခုသုံးစွဲတဲ့နေရာမှာလည်း ဟိုတစ်နေ့က ပြည်ထောင်စုလွှတ်တော်ထဲမှာလည်း ကြောင့်ကြစိတ်တွေရှိတယ်ဆိုတာကိုလည်း လွှတ်တော်ထဲမှာလည်းပြောသွားတယ်။ ဒါပေမယ့် အဲဒီနေ့မှာပဲ ကျွန်တော်တို့ နေ့လယ်စာ ထမင်းစားပွဲမှာပဲ ကြောင့်ကြစိတ်တွေမရှိပါနဲ့ အစိုးရအဖွဲ့အနေနဲ့ လိုအပ်တဲ့ ပြင်ဆင်အမိန့်ကြော်ငြာတွေ ထုတ်ပြီးပါပြီ။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ ဆက်လက်ပြီးဆောင်ရွက်သွားပါမယ်။ ပြီးတဲ့အခါမှာ ဥပဒေတစ်ရပ်ပြုဖို့လိုပါတယ်။ ဘာကြောင့်ပြုဖို့လိုတယ်ဆိုတာလည်း ကျွန်တော် ရှင်းလင်းတင်ပြပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခုနက ဒေါ်တင်နွယ်ဦးရယ်၊ ဦးစိုင်းသီဟကျော်ရယ် ပြောတာနဲ့ပတ်သက်လို့ ဒီဟာကိုပယ်ဖျက်လိုက်သော်လည်း မိမိတို့လက်တွေ့ကျကျ ဒီတိုင်းပဲဆောင်ရွက်နေပါတယ်။ မှန်မှန်ကန်ကန်ဖြစ်အောင်၊ တိတိကျကျဖြစ်အောင် မိမိတို့က ခုနက ပြည်သူ့အတွက်ကို စေတနာထားပြီး လုပ်တဲ့အခါမှာ ဟောဒီလို၊ ဟောဒီလို မှန်မှန်ကန်ကန်လုပ်ပါတယ်ဆိုတာလည်း ပြနိုင်အောင် သက်သေအထောက်အထားနဲ့ အဲဒီအတိုင်းပဲ ဒီကိုယ်စားလှယ်တွေနဲ့ပတ်သက်ပြီးတော့ misuse မဖြစ်အောင် လုပ်ထားတယ်။ misuse ဖြစ်တယ်ဆိုလို့ရှိရင်တော့ ပြည်သူ့ဘဏ္ဍာကို အလွဲသုံးစားလုပ်ရင်တော့ အဲဒီကိုယ်စားလှယ်မျိုး၊ အဲဒီပုဂ္ဂိုလ်မျိုး ထိထိရောက်ရောက်အရေးယူဖို့ ဥပဒေမှာလည်း ပြဋ္ဌာန်းပြီးသားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခုနက ဒါဆိုလို့ရှိရင် ဦးစိုင်းသီဟကျော် ကျွန်တော်ပြောတာ သဘောပေါက်ပါသလား။ ဒီဟာကိုပယ်ဖျက်လိုက်သော်လည်း လက်တွေ့မှာ ကျွန်တော်တို့ ဒီအတိုင်းလုပ်နေပါတယ်။ ဒါကြောင့်မို့လို့ ပယ်ဖျက်တာ၊ ပယ်ဖျက်တာ အပိုပဲ။ လက်တွေ့မှာလုပ်နေတဲ့အတွက် မလိုဘဲနဲ့ပယ်ဖျက်သွားတာမျိုးဖြစ်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ တကယ်လို့ ခုနက သဘောမတူဘူးရှိတယ်ဆိုရင်လည်း အခု သဘောတူသွားပါပြီ။ ဒါပေမယ့် ကျွန်တော်ထပ်မေးပါမယ်။ ထပ်မေးပြီဆိုလို့ရှိရင် ဒီတစ်ခါ သဘောမတူသူတဲ့သူရှိရင် တစ်ခါတည်း မတ်တတ်ရပ်ပြီး သဘောမတူပါဘူးလို့ ပြောလိုက်။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက် (၂၁)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူသူရှိက မတ်တတ်ရပ်ပါခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီမှ

ပြင်ဆင်ချက် (၂၁) ချက်ကို ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဗိုလ်မှူးချုပ်တင်ဆန်း(တပ်မတော်သားကိုယ်စားလှယ်)။** ။ ကျွန်တော်အနည်းငယ် တင်ပြခွင့်ပြုပါ။ အခုပြဋ္ဌာန်းလိုက်တဲ့ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေ ပြဋ္ဌာန်းချက်ဟာ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းဖို့၊ တိုးတက်ဖို့ဆောင်ရွက်တယ်ဆိုတာ မှန်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနဲ့ ညီညွတ်စွာ စီမံဆောင်ရွက်ခြင်းကသာ ရေရှည်မှာ အကျိုးပိုပြီးတော့ဖြစ်ထွန်းနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့တော့ ဒီစစ်မှန်တဲ့၊ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်တဲ့နေရာမှာ အထောက်အကူဖြစ်စေနိုင်မှာလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီပြဋ္ဌာန်းတဲ့ဥပဒေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်း၊ နည်းလမ်းများနဲ့ ညီညွတ်ရန်လိုအပ်ကြောင်း တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ။** ။ ကဲ ဒါ့ကြောင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်း၊ နည်းလမ်းများနဲ့အညီဖြစ်ကြောင်း ဆိုတဲ့ကိစ္စရပ်နဲ့ပတ်သက်လို့ မိမိတို့ရဲ့ ပြဋ္ဌာန်းချက်မှာ တကယ်တမ်းကျတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ညီလား၊ မညီလားဆိုတာကို သက်ဆိုင်ရာတာဝန်ရှိတဲ့လူတွေ ဆုံးဖြတ်ပေးမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီဥပဒေနဲ့ပတ်သက်လို့ မိမိတို့လွှတ်တော်ကိုယ်စားလှယ်တွေက ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်စွာဆောင်ရွက်သွားဖို့ပဲဖြစ်ပါတယ်။ အဲ့ဒီအတွက်ပဲ ဒီနေ့ လွှတ်တော်က ဥပဒေပြဋ္ဌာန်းတာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေနဲ့ ပြည်မဲဆန္ဒနယ်ကဦးဝင်းမြင့်တို့က ပြင်ဆင်ချက်နှစ်ချက်အား ဆွေးနွေးသွားဖို့ဖြစ်ပါတယ်။ ဦးစွာ ဦးဝင်းမြင့် ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းမြင့်(ပြည်မဲဆန္ဒနယ်)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ပြည်မဲဆန္ဒနယ်က ဦးဝင်းမြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်းရဲ့ အခန်း(၅)ဖြစ်တဲ့ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အကောင်အထည်ဖော်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် တာဝန်များအခန်းမှာ ပုဒ်မ ၁၀ ပုဒ်မခွဲငယ်(c) အဖြစ် မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊

မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းအလိုက် လုပ်ဆောင်မည့်ဌာန သို့မဟုတ် အဖွဲ့အစည်းများသို့ လုပ်ငန်းအပ်နှံခြင်းလို့ အသစ်ဖြည့်စွက်လိုပါတယ်။ ဒါပေမယ့် ဖြန့်ထားတဲ့ ကန့်လန့်ဖြတ်ဇယားမှာ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်စေခြင်းဆိုတဲ့ စေ တစ်လုံးဟာ Typing Error အရ ဖြစ်နေပါတယ်။ အဲ့ဒီ စေ ကို ဖြုတ်ပြီးတော့ ခြင်း နှင့်ဖွံ့ဖြိုးရေးလုပ်ငန်းအလိုက် လုပ်ဆောင်မည့်ဌာန သို့မဟုတ် အဖွဲ့အစည်းသို့ လုပ်ငန်းအပ်နှံခြင်းလို့ ဖြည့်စွက်လိုပါတယ်။ အကျိုးအကြောင်းဖော်ပြချက်ကတော့ ပြည်သူ့အကျိုးအတွက် ပြည်သူ့ဘဏ္ဍာငွေတွေကို ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ သုံးကြတဲ့အခါမှာ ဥပဒေစည်းကမ်းများနှင့်အညီ သုံးစွဲကြတာဖြစ်ပြီးတော့ ပြည်သူကိုဗဟိုပြုပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ကြမှာဖြစ်တဲ့အတွက် အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အထောက်အကူပြုအဖွဲ့အစည်းများနဲ့ ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ကြမှာ ဖြစ်တဲ့အတွက်အထက်ပါ ပုဒ်မ ၁၀ ရဲ့ပုဒ်မခွဲငယ်(င)အဖြစ် အသစ်ဖြည့်စွက်လိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းမြင့်၊ ပြည်မဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးဝင်းမြင့်၊ ပြည်မဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမင်းဆွေ၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမင်းဆွေ(ဒိုက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဒိုက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေ ဖြစ်ပါတယ်။ ဒီဥပဒေ အခန်း(၅) အပိုဒ် ၁၀ မှာ အပိုဒ်ခွဲ(စ)နဲ့(ဆ)များကို အသစ်ဖြည့်စွက်ဖို့ တင်ပြထားတာဖြစ်ပါတယ်။ အပိုဒ်(စ)အနေနဲ့ ကော်မတီ၏ခွင့်ပြုချက်ဖြင့် လွှဲပြောင်းပေးပို့လာသောငွေကို သက်ဆိုင်ရာမြို့နယ်ဘဏ်ခွဲများတွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း၊ အခြားစာရင်းရှင် UFAOA အား ပြည်ထောင်စုလွှတ်တော်ရုံး၏ ဒေသနယ်မြေများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေအမည်ဖြင့် ဖွင့်လှစ်ပြီး ငွေထုတ်သူအရာရှိအဖြစ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အမှုဆောင်အရာရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သို့မဟုတ် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့၏ အမည်စာရင်းနှင့်ငွေစာရင်းအမှတ်တို့ကို

ကော်မတီသို့ပေးပို့ခြင်း၊ အပိုဒ်(ဆ)အဖြစ် လုပ်ငန်းဆိုင်ရာအချက်အလက်များ၊ မှတ်တမ်းအထောက်အထားများကို စနစ်တကျထိန်းသိမ်း၍ စာရင်းဇယားများပြုစုခြင်းနှင့် ယင်းမှတ်တမ်းအထောက်အထားများနှင့် စာရင်းဇယားများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ထိန်းသိမ်းထားရှိခြင်းဆိုပြီးတော့ ဖြည့်စွက်ထားပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနဲ့ လုပ်ထုံးလုပ်နည်းများ စနစ်တကျနဲ့ အံဝင်ခွင်ကျဖြစ်စေရန်အတွက် ဖြည့်စွက်ရခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးမင်းဆွေ၊ ဒိုက်ဦးမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန် ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးမင်းဆွေ၊ ဒိုက်ဦးမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မူလက အားလုံး ၂၁ ချက်ရယ်၊ တစ်ဦးချင်းအဆိုပြုချက်က နှစ် ချက်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစောလှထွန်း၊ ချောင်းဦးမဲဆန္ဒနယ်က တင်သွင်းသော ပြည်ထောင်စု လွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီနဲ့ လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ချက်များ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးစောလှထွန်း၊ ချောင်းဦးမဲဆန္ဒနယ်က တင်သွင်းသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်သွင်းသည့် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်သွင်းသော စုပေါင်းပိုင်အဆောက်အဦဆိုင်ရာဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ (၁၆-၁-၂၀၁၄) ရက်နေ့တွင် အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ၎င်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၁-၁-၂၀၁၄ ရက်နေ့ နောက်ဆုံးထားပြီး ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများအလိုက် အမည်စာရင်း ပေးပို့ကြရန် တောင်းခံပြီးဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက် ၁၇ ချက်၊ ရေဖြူ မဲဆန္ဒနယ်က ဦးဝင်းဦးက ပြင်ဆင်ချက် နှစ်ချက်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ဆိုင်ရာကော်မတီက ပြင်ဆင်ချက်တစ်ချက်တင်သွင်းထားပါတယ်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါမှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအလိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ဥပဒေကြမ်းကော်မတီနဲ့ ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲများအလိုက် ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ စုပေါင်းပိုင်အဆောက်အဦဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ၁၇ ချက်အား ဥပဒေကြမ်းကော်မတီမှ တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးအောင်မြသန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ

စုပေါင်းပိုင်အဆောက်အဦဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀နည်းဥပဒေခွဲ(ဃ) အရ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဤဥပဒေမှာ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက် ၁၇ ချက်မှာ ဥပဒေခေါင်းစီး ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၁၂၊ ပုဒ်မ ၂၂၊ ပုဒ်မ ၂၈ ပုဒ်မခွဲ(င)(စ)(ဋ)၊ ပုဒ်မ ၃၀ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၃၃ ပုဒ်မခွဲ(က)၊ ပုဒ်မ ၃၃ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ် (၂)၊ ပုဒ်မ ၃၅ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၃၆ ပုဒ်မခွဲ(က)၊ ပုဒ်မ ၃၉၊ ပုဒ်မ ၄၀၊ ပုဒ်မ ၄၁၊ ပုဒ်မ ၄၂၊ ပုဒ်မ ၄၄ ပုဒ်မခွဲ(က) တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်တင်ပြပါ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက် ၁၇ ချက်အား လွှတ်တော်မှ အတည် ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စုပေါင်းပိုင် အဆောက်အဦဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ၁၇ ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် စုပေါင်းပိုင်အဆောက်အဦ ဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ချက် ၁၇ ချက်ကို ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စုပေါင်းပိုင်အဆောက်အဦဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားသော ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးနဲ့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနဲ့ ဆောက်လုပ်ရေးဆိုင်ရာကော်မတီတို့က ပြင်ဆင်ချက်သုံးချက်အား ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ယင်းပြင်ဆင်ချက်များနှင့်စပ်လျဉ်းပြီး ယခုစတင်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခန်း(၃) အပိုဒ် ၅ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း (၃) ပုဒ်မ ၅နဲ့ ပုဒ်မ ၉ ဟာ တစ်ခန်းထဲကပုဒ်မဖြစ်ပြီး နှစ်ခုဟာဆက်စပ်နေတဲ့အတွက် တစ်ပါတည်းတင်ပြခွင့်ပြုပါခင်ဗျား။ အခန်း (၃) ပုဒ်မ ၅ မူလပြဋ္ဌာန်းချက်က ဤဥပဒေအရ မှတ်ပုံတင်ထား

သော စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အဦများသာလျှင် ဤဥပဒေနှင့် သက်ဆိုင်စေရမည် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြင်ဆင်ရန်တင်ပြချက်ကတော့ စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင် အဆောက်အဦများသည် ဤဥပဒေနှင့်အညီ မှတ်ပုံတင်ရမည်ဟူ၍ ဖြစ်ပါတယ်။ ဒါ့အခန်း (၃) အပိုဒ် ၉ မှာ မူလပြဋ္ဌာန်းချက်ကတော့ ဤဥပဒေအာဏာမတည်မီက ဆောက်လုပ်ပြီးစီးသော အဆောက်အဦ သို့မဟုတ် ဆောက်လုပ်ဆဲဖြစ်သော အဆောက်အဦတွေကို စုပေါင်းပိုင်အဆောက်အဦအဖြစ် မှတ်ပုံ တင်လိုပါက ပုဒ်မ ၇ နှင့်ပုဒ်မ ၈ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ရမည်။ သို့ရာတွင် ယင်းပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် ညီညွတ်ခြင်းမရှိပါက ဝန်ကြီးဌာန၏သီးခြားခွင့်ပြုချက်ရရှိမှသာ စုပေါင်းပိုင်အဆောက် အဦအဖြစ် မှတ်ပုံတင်ခွင့်ရှိသည်။ ကျွန်တော့်အနေနဲ့ ပြင်ဆင်ရန်တင်ပြချက်ကတော့ ဤဥပဒေအာဏာ မတည်မီက ဆောက်လုပ်ပြီးစီးသော အဆောက်အဦ သို့မဟုတ် ဆောက်လုပ်ဆဲဖြစ်သော စုပေါင်းပိုင် အဆောက်အဦများသည် ဤဥပဒေပါပြဋ္ဌာန်းချက် ပုဒ်မ ၇၊ ပုဒ်မ ၈ တို့နှင့်အညီ မှတ်ပုံတင်ရမည်။ ယင်းပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ညီညွတ်ခြင်းမရှိပါက ဝန်ကြီးဌာန၏ သီးခြားခွင့်ပြုချက်ရရှိမှသာ စုပေါင်းပိုင်အဆောက်အဦအဖြစ် မှတ်ပုံတင်ခွင့်ရှိသည်လို့ပြင်ဆင်ရန် တင်ပြထားပါတယ်။ ဒီအပိုဒ် နှစ်ပိုဒ်နှင့် ပတ်သက်ပြီးတော့ ကျွန်တော်ရဲ့ အဆိုပြုတင်ပြချက်ကို ဥပဒေကြမ်းကော်မတီနဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနများလည်း ဆွေးနွေးညှိနှိုင်းသဘောတူပြီးဖြစ်တဲ့အတွက် ကျိုးကြောင်းဖော်ပြချက်များကို အချိန်ကို လေးစားသောအားဖြင့် မတင်ပြတော့ပါဘူးခင်ဗျား။ ယခုတင်ပြချက်၊ အဆိုပြုချက်ကိုသာ လွှတ်တော်က အတည်ပြုပေးပါရန် တင်ပြပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းဦး၊ ရေဖြူမဲဆန္ဒနယ်က အဆိုပြုတင်ပြတဲ့ အမှတ်စဉ် ၃ နဲ့ အမှတ်စဉ် ၄ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။ ဦးဝင်းဦး၊ ရေဖြူမဲဆန္ဒနယ်ရဲ့ တင်ပြတဲ့ အဆိုပြုချက် နှစ်ခုအား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးဝင်းဦး၊ ရေဖြူမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက်နှစ်ခု အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၊ အမှတ်စဉ် ၆ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ဆိုင်ရာကော်မတီက တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးမျိုးဆွေ(အတွင်းရေးမှူး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီကိုယ်စား တွဲဖက်အတွင်းရေးမှူး

ဖြစ်သူ ကျွန်တော် တနိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေက စုပေါင်းပိုင်အဆောက်အဦဆိုင်ရာဥပဒေကြမ်း အခန်း (၃) ပုဒ်မ ၁၅ ပုဒ်မခွဲ(ဂ)နှင့် ပတ်သက်ပြီး ပြင်ဆင်ချက်တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မူလပြဋ္ဌာန်းချက်တွင် စုပေါင်းပိုင်အဆောက်အဦ၏ ဆဋ္ဌမထပ်နှင့် အထက်ရှိ ၄၀ ရာခိုင်နှုန်းထက်မကျော်သော အိမ်ခန်းများကို နိုင်ငံခြားသားအား လွှဲပြောင်းပိုင်ခွင့်ရှိသည်ဟု ဖော်ပြပါရှိပါတယ်။ ၎င်းပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း ပြင်ဆင်ဖြည့်စွက်လိုပါတယ်။ ပုဒ်မခွဲ(ဂ) စုပေါင်းပိုင်အဆောက်အဦ ဆဋ္ဌမထပ်နှင့်အထက်ရှိ အိမ်ခန်းများ၏ ၄၀ ရာခိုင်နှုန်းထက်မပိုသော အိမ်ခန်းများကို နိုင်ငံခြားသားများအား လွှဲပြောင်းပိုင်ခွင့်ရှိသည်ဟု ပြင်ဆင်ဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်။ ဖြည့်စွက်လိုတဲ့အကြောင်းအရင်းက မူလပြဋ္ဌာန်းချက်မှာပါရှိတဲ့ ၄၀ ရာခိုင်နှုန်းဆိုသည်မှာ ဆဋ္ဌမထပ်နှင့်အထက် ၄၀ ရာခိုင်နှုန်းကို ဆိုလိုတာလား သို့မဟုတ် အဆောက်အဦတစ်ခုလုံးရဲ့ ၄၀ ရာခိုင်နှုန်းကို ဆိုလိုတာလား ဘယ်အရာကို ဆိုလိုတာလဲ ကွဲကွဲပြားပြားသိရှိဖို့လိုအပ်ပါတယ်။ ဒါ့ကြောင့် ပုဒ်မခွဲ(ဂ)ကို စုပေါင်းပိုင်အဆောက်အဦ ဆဋ္ဌမထပ်နှင့်အထက်ရှိ အိမ်ခန်းများ၏ ၄၀ ရာခိုင်နှုန်းထက်မပိုသော အိမ်ခန်းများကို နိုင်ငံခြားသားအား လွှဲပြောင်းပိုင်ခွင့်ရှိသည်ဟု ကော်မတီရဲ့ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးစောလှထွန်း( အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျ။ ကျွန်တော်တို့ အဲ့ဒီမှာ အမှတ်စဉ် ၆ စာမျက်နှာ ၁၅ မှာ စုပေါင်းပိုင်အဆောက်အဦ ဆဋ္ဌမထပ်နှင့် ဆိုတာလေးကျန်နေပါတယ်ခင်ဗျ။ နှင့် ဆိုတာလေး။ နှင့် လေး ဖြည့်စွက်ပြီးတော့ ကျွန်တော်တို့ စုပေါင်းပိုင်အဆောက်အဦဆဋ္ဌမထပ်နှင့် အထက်ရှိအိမ်ခန်းများ၏ ၄၀ ရာခိုင်နှုန်းထက်မပိုသော အိမ်ခန်းများကို နိုင်ငံခြားသားအား လွှဲပြောင်းပိုင်ခွင့်ရှိသည် ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီဆဋ္ဌမထပ်နှင့် အထက်ရှိဆိုတဲ့နေရာမှာ နှင့် လေးကျန်သွားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ ဒါ့ကြောင့်မို့လို့ ဆဋ္ဌမထပ်ပါ အပါအဝင်ဆိုတဲ့ သဘောဖြစ်သွားတယ်။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီရဲ့ ပြင်ဆင်ချက်အဆိုအား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်ကကန့်ကွက်ရန်မရှိတဲ့အတွက် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်သွင်းသော စုပေါင်းပိုင်အဆောက်အဦဆိုင်ရာဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီနဲ့ လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ အမှတ်စဉ်များကို တစ်ပါတည်း အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါ့ကြောင့် စုပေါင်းပိုင်အဆောက်အဦဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဆောက်လုပ်ရေးဝန်ကြီး ဌာနကတင်သွင်းသော စုပေါင်းပိုင်အဆောက်အဦဆိုင်ရာဥပဒေကြမ်းတစ်ရပ်လုံးကိုပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒီနေရာမှာ ခုနက တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး မိမိတို့ရဲ့ ဖွံ့ဖြိုးရေးရန်ပုံငွေနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးအတည်ပြုဆုံးဖြတ်တဲ့အချိန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီဆောင်ရွက်ဖို့ တင်ပြတဲ့ကိစ္စဟာ ကောင်းမွန်ပါတယ်။ ကျွန်တော်တို့ ဘာပဲလုပ်လုပ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်အောင် အမြဲစဉ်းစားပြီး ဆောင်ရွက်သွားမယ့်ကိစ္စလည်း ဖြစ်ပါတယ်။ ခုနက ကျွန်တော်တို့ လွှတ်တော်အတွင်းမှာပဲ ဥပဒေပုဒ်မနှစ်ခုကို ပယ်ဖျက်တာကို ထည့်သွင်းဖို့ ဆိုတဲ့ကိစ္စကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီခြင်း/မညီခြင်းဆိုတဲ့ဘက်က သံသယရှိနိုင်တဲ့ ကိစ္စလေးလည်း ဖြစ်ပါတယ်။ ညီတယ်/မညီဘူး ကျွန်တော်ပြောတာမဟုတ်ဘူး။ အဲ့လို သံသယရှိတဲ့ ကိစ္စကို လွတ်လွတ်ကင်းကင်းဖြစ်ရင် အကောင်းဆုံးပဲလို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဒါ့ကြောင့် မို့လို့ တင်ပြပေးတဲ့ တပ်မတော်သားကိုယ်စားလှယ်ကိုလည်း ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်။ မှတ်တမ်းလည်းတင်ပါတယ်။ အဲ့ဒီတော့ လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ သူများထိုင်ထိုင်/မထိုင်ထိုင်၊ ဒီထိုင်ခုံကြီးမှာ လွှတ်တော်အစအဆုံးထိ ထိုင်ရတယ်။ သူများဆိုတဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်က ဒီလိုအချိန်မှာ ထသွားလို့ရတယ်။ လွှတ်တော်ဥက္ကဋ္ဌက ထသွားလို့မရဘူး။ သူများနားထောင်ထောင်မထောင် လွှတ်တော်ဥက္ကဋ္ဌကြီးကတော့ နားထောင်ရတာပဲ။ အဲ့အတိုင်းပဲ သူများငိုက်ငိုက်/မငိုက်ငိုက် လွှတ်တော်ဥက္ကဋ္ဌကတော့ မငိုက်ပါဘူး။ အဲ့တော့ သူများဆာဆာ/မဆာဆာ သူများဆာတဲ့အခါကျတော့ သူ့နည်းသူ့ဟန်နဲ့ဗိုက်ကို ဖြည့်ပါတယ်။ ကျွန်တော့်ကျတော့ တန်းဖြတ်

ချိန်မှပဲ ဖြည့်လို့ရတယ်။ များသောအားဖြင့် တန်းဖြုတ်ချိန်ဆိုတဲ့နေရာမှာလည်း အခန်းရောက်သွားတာနဲ့ အလုပ်လေးကကျန်သေးတော့ တစ်ယောက်ဝင် တစ်ယောက်ဝင်နဲ့ နောက်ဆုံးပြန်ထွက်လာလို့ရှိရင် ဗိုက်တောင်တစ်ခါတစ်ခါ မဖြည့်လိုက်ရတာလည်းရှိပါတယ်။ ဒါပေမယ့် ကိုယ့်ကံနဲ့ကိုယ်ပါပဲ၊ ကျွန်တော် ကံကောင်းတယ်လို့ပဲ ယူဆပါတယ်။ ဘာ့ကြောင့်လဲ အများအကျိုးကို ကျွန်တော်တတ်နိုင်သမျှလုပ် ပေးနိုင်တဲ့အတွက် ကံကောင်းတယ်လို့ ယူဆပါတယ်။ ကဲထမင်းလည်းဆာကြပြီ။ တစ်နာရီလည်းကျော်သွားပြီ။ ဒါ့ကြောင့်မို့လို့ ဒီနေ့အစီအစဉ် ဒီမှာရပ်နားပါမယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး(၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂)ရက်မြောက်နေ့ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမယ်။ ယခု အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၅၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၁၁း၅၅ အချိန်နာရီတွင် ရပ်နားပါသည်။]